
www.burmeseclassic.com



# ငဝဝင ပန်းသခင်

ပန်းမွှေးပုံပြင်ပြုံးစေ

( အချစ်ရသုံးချင်းဝတ္ထုသစ် )

ဥဒေါင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - - - - - ၅၁၁၀ ၂၆၀၉၁၀

မျက်နှာဖုံးခွင့်ပြုချက် - - - ၅၀၀၀၃၅၀၁၁၁

ထုတ်ဝေခြင်း - ပထမအကြိမ်

၂၀၁၁ ဇန်နဝါရီလ

အုပ်ရေ - ၁၀၀၀-အုပ်

တန်ဖိုး - သုံးထောင်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ - ယုဝ

စီစဉ်သူ - ဒေါ်ဌေးဌေးမော်

၈၉၅ · ၀၁၃

ပန်းသီနိုင်

ပန်းပွင့်ပုံပြင်မြိုင်ပွဲ / ပန်းသီနိုင်။ - ရန်ကုန်

ဉာဏ်ဝင်းစာပေ ၂၀၁၁။

၂၂၈ - စာ ၊ ၁၂ · ၅ X ၁၇ · ၅ စင်တီ။

(၁) ပန်းပွင့်ပုံပြင်မြိုင်ပွဲ

ဒေါ်ဌေးဌေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)

အမှတ်၇(က)၊ သုခဝတီလမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးအောင်ထက် (၀၈၀၀၃)

အောင်ပါရမီ ပုံနှိပ်တိုက်

အမှတ်(၁၂၇)၊ ၅၂ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်

ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်

အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

“မမ”

“ဟေ”

“ ‘ခ’ ကို ငါးရိုးကျစ်ဆံမြီး ကျစ်ပေးပါလား”

“ဟာ ... ဆံပင် မတိုမရှည် မညီမညာကို ဘယ်လိုကျစ်ရမှာလဲလို့ ... မကျစ်စမ်းပါနဲ့၊ အခုလို ထုံးဖွဲ့ထားတာ ‘ခခ’ အရမ်းလှတယ်”

“အဲဒီမမက အပိုတွေ ... မကျစ်ပွေးချင်တိုင်း ...”

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှည်ပါဘူးဟာ၊ ဆံပင်အလှပြင်တာတွေ ငါ ဝါသနာမပါဘူးလေ"

"ဘာပဲ ဖြစ်ဖြစ်ပေါ့ . . . ဒီညီအစ်မ နှစ်ယောက်တည်းရှိတဲ့ဟာ"

"ငါ မကျစ်တတ်လို့ပါ "ခ" ရယ်၊ မစ,လာစမ်းပါနဲ့။ ငါ ခရီးထွက်ဖို့ အဝတ်အစားတွေတောင် မထည့်ရသေးဘူး"

"ဖြစ်မှ ဖြစ်ရလေ"

ခခက မမကို စိတ်ဆိုးစွာ မျက်စောင်းရွယ်၏။

အလကား မမ

ခခကိုဆို စိတ်မရှည်။ သူ့ရည်းစားသာ ခိုင်းကြည့် . . . စိတ်က ရှည်ပါ့ . . . မသိတာမှတ်လို့ . . . ။

သည်တစ်ခါ . . . ရည်းစားကို မမက သည်းသည်းလှုပ်ပျာယာခတ်အောင်ကို ချစ်နေတာ . . .

ဘာတဲ့ . . .

Real Love တဲ့ . . .

အချစ်စစ်ကို ရှာတွေ့ပြီတဲ့ . . .

ပြောတာပါပဲ၊ ပြောပေါင်းများလို့ ရိုးနေပါပြီ။





ခဏ ခဏရည်းစားထား၊ ခဏ ခဏရည်းစားဖြစ်ပြီး၊ တစ်ခါ တလေ အထင်လွဲသလိုလို ဘာလိုလို၊ နောက်တော့လည်း အသစ်တစ်ယောက် ပေါ်လာပြန်ရော . . . မမရဲ့ အချစ်က အဲဒီလို. . .

One Go

Two Come

Three Wait

Four Ready

Five Standby ဆိုတာ မမပါပဲ။

ခခက သိပြီးသား။

မမကိုကြည့်ပြီး ရည်းစားမထားတာ . . .

ခံယူချက်ချင်းက မတူ။

မမက ရည်းစားတစ်ထောင်၊ လင်ကောင်တစ်ယောက် တဲ့၊ ခေါင်းခေါက်ရွေးမယ် တဲ့ . . . ကြိုးရှည်ရှည်နဲ့လှန်ထားမယ် တဲ့။

ခခကတော့ အဲဒီလိုမဟုတ်ပေါင် . . .

ခခက တစ်သက်မှာ တစ်ယောက်

တစ်ယောက်မှာ တစ်သည်း

တစ်သည်းမှာ တစ်ချစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချစ်ဟာ မင်းပဲပေါ့ . . . ဆိုတဲ့ ကဗျာကလေးလို တစ်သက်မှာ တစ်ယောက်ပဲ ချစ်ချင်တဲ့သူပါ။ မတော်တဆ အဲဒီတစ်ယောက်နှင့်လွဲသွားခဲ့ရင် အပျိုကြီးပဲ လုပ်တော့မည်။ နောက်ထပ် အချစ်မရှာချင်တော့ပါ။

နှလုံးသားအသစ်စက်စက်နှင့် တစ်ခါပဲချစ်ပြီး၊ ထိုအချစ်ကိုပဲ ရာသက်ပန်ဟု နားလည်ထားသည်။

"ခ ရယ် . . . နင်မလာသေးလို့ စောင့်နေတာ၊ ဖေနဲ့ မေက နင်မရှိရင် ငါ့ကို လွှတ်ချင်မှာ မဟုတ်ဘူး။ နင်လာတာအတော်ပဲ ငါ အရမ်းကို ခရီးထွက်ချင်နေတာ သိလား . . ."

လုပ်ပြန်ပြီ . . .

အိမ်မှာမကပ်၊ ဖုန်းဆက်တိုင်းမရှိ။ အခု ခခ ရောက်လာတော့ . . . ချက်ချင်းပဲ ခရီးထွက်ဦးမတဲ့။

"မမ"

"ဘာလဲ"

"မမရဲ့ ရိုးမသွားကြီး ပါမှာလား"

ခခစကားကို မမက ကိုယ်ကလေး သိမ့်သိမ့်ခါပြီး ရယ်သည်။

ကိုယ်ကလေးကို တမင်လှုပ်ခါပြီး ရယ်တတ်တာ . . . မမ အကျင့်။





ပဲများတော့ ဆိုပေမယ့်ချစ်ဖို့ကောင်းသေးသည်။

ချစ်ဖို့ကောင်းလို့လည်း ကောင်လေးတွေက . . . မင်းရယ်တာမြင်ပြီး ကြွေသွားတာဟု ဆိုကြတာ။

"ကောင်းကင်ကကြယ်တွေ . . . မျက်စိမကောင်းလို့ မင်းရယ်တာ မမြင်တာ၊ မြင်ရင် မင်းရှေ့ကြွေကျ ခယကြမှာကွ" ဟု တင်စားကြတာ၊ ဝန်ခံကြတာ။

ခခက အဲဒီလို မရယ်တတ်ပါ။

မမရယ်သလိုမျိုးလည်း အတုမခိုးချင် . . . ရှက်စရာကြီး။

သူတို့ညီအစ်မတစ်တွေက ဒါမျိုးတွေချည်းဟု အပြောမခံနိုင်။

တစ်ယောက်တစ်မျိုး၊ ကိုယ့်စတိုင်နှင့် ကိုယ်။ အဲဒါတောင် တူလို့ဆိုပြီး မှားကြသေးတာ။ အမြွှာလား အမေးခံရသေးတာ၊ တကယ်တော့ အတွင်းကျကျမသိလို့ မှားတာပါ။ အမျိုးမျိုး နှိုးပေးတတ်တာက "မမ" ပါ။ မမက အနေအေးသည်။

"ရိုးမသွားကြီး ပါတယ်မဟုတ်လား . . ."

ခခက အတတ်သေချာပေါက် အစ်လိုက်၏။

"အင်း"

မမက မျက်နှာကလေး ရှက်အမ်းအမ်းနှင့် ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ့ . . . ဖေဖေ သိလား"

"ဗျ . . . သိစရာလား . . . သိရင် လွှတ်မလား"

နှုတ်ခမ်းပေါ် လက်ညှိုးကလေး တင်ကာ တိတ်တိတ်နေလေးဖို့ မျက်လုံးပြူးကလေးနှင့်တား၏။ မမ...မမ... ဘယ်လိုကြီးလဲ။

သည်တစ်ခါ ချစ်သူက ကြာကြာခံသည်။

ဖုန်းဆက်တိုင်း ရှိသွားပြီလားဟု မေးမိတော့ မရှိသေးဘူးဟု မမက ဖြေသည်။

ခြောက်လကျော် တစ်နှစ်နီးပါး ကြာလာတော့ . . . သည်တစ်ခါ တကယ်မြဲပြီလားဟု ခခ တွေးမိလာ၏။ မမက သူ့ချစ်သူကို မိဘတွေရှေ့ ခေါ်လာ မိတ်ဆက်ပေးသည်။

"ခခ"

"ဟင်"

"ငါ . . . သူ့ကို လက်ထပ်ဖြစ်မယ်"

မမက တွေးဆဆဆိုသည်။

"တကယ်"

"တကယ်ပေါ့"

"သေချာပြီလား"

ခခက မေးတော့ မမက ရုတ်တရက်မဖြေ။





"ငါလဲ သေချာအောင် စောင့်နေတာ"

"သေချာရင် ခ နဲ့ မိတ်ဆက်ပေး။"

"အင်း . . . ခရီးက ပြန်လာမှ"

"မမ"

"ပြောလေ"

""ချောလား""

"မချောပါဘူး"

"မချောဘဲနဲ့ မမက တကယ်ခိုက်သွားတာလား"

"မသိတော့ပါဘူးဟယ်"

မမက နံရံကပ် ဗီရိုဆွဲဖွင့်ကာ အဆင်သင့် ပြင်တော့သည်။ ဘယ်အချိန်ကတည်းက သွားချင်နေမှန်းမသိ။

"ခခ"

"ဟင်"

"ငါ ကြာရင်လဲကြာမယ်"

"ဘာလို့"

"ကြိုပြောထားတာ အဲဒီမှာ သင်တန်းတစ်ခု တက်မလားလို့ . . ."

"တစ်ခါတည်း စီစဉ်သွားလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . . နင်ရှိသားပဲ 'ခ' ရယ်၊ လိုအပ်တာ နင် လုပ်ပေးဖို့"

"သိပြီးသား"

ခခကိုဆို ခိုင်းခါနီးရင် သတိရတတ်သည်။

"မေမေ့ကို ဘာမှ ပြောမထားဘူးလား"

"မသေချာသေးဘူးလေ"

"ပြီးရော ပြီးရော"

ညီအစ်မအရင်းအချာ ဆိုပေမယ့် မမက အသိမပေးချင်သော ကိစ္စတွေကို မမက ဖော်ကောင်လုပ်ပြီး ဝင်မစွက်ချင်။

မမက အရည်အချင်းရှိပြီး ထက်မြက်သူပါ။

"အခုတလော ဒီမှာလဲ သိပ်မနေချင်ဘူး . . ."

မမက . . . ထိုစကားကို ဘာအဓိပ္ပါယ်နှင့် ပြောမှန်း ခခ တကယ်နားမလည်ပါ။

"လူတွေက ထင်ရာမြင်ရာရမ်းသန်းစွပ်စွဲ အထင်လွဲတတ်ကြတယ်လေ"

မမ ဘာတွေပြောနေမှန်းမသိ။

ဘာပြဿနာများ ရှိလို့လဲ။

ဒါပေမဲ့ အေးဆေးပါ။ မမက ကိုယ်မှန်တယ်ထင်ရင် နောင်တမရတတ်ဘူး။





ခခကို ရှေ့ရေးရာရာလည်း အစအဆုံး ရှင်းမပြပါ။ သူ့ခံစားချက်ကို သူ့ဟာသူ ရေရွတ်ပြောပြသွားတာ။

"ငါ့ဖုန်းကို စက်ပိတ်ခဲ့မယ်"

မမက Hand Phone ကလေးကို စားပွဲပေါ် တင်ရင်း ဆို၏။

"နင် မသုံးဘူး မဟုတ်လား"

"ဟင့်အင်း . . . ခမှာ ရှိတာပဲဟာ"

"ပြီးရော"

မမ Hand Phone ကို ခခ ယူသုံးဖြစ်မှာ မဟုတ်ပါ။ မမ သူငယ်ချင်းတွေနှင့်လည်း ရင်းနှီးတာမှ မဟုတ်ပဲ။ ခခက မန္တလေးမှာ အနေများတာ။

သည်နှစ်တော့ မေမေက ဘာလို့မှန်းမသိ၊ မမကို တဖွဖွ ခေါ်နေသည်။ မေမေခေါ်လို့ ခခ ရောက်လာတာပါ။

"သမီး မမက အိမ်ထောင်ရက်သား ကျတော့မယ် ထင်ပါရဲ့ကွယ် . . ." ဟု မေမေက ဆိုပါသည်။

မေမေ့ခန့်မှန်းချက်က သမီးနှစ်ယောက်နှင့် ပတ်သက်လျှင် မေမေက ကြိုတင်ပြောနိုင်သည်။

အကြားအမြင်ရလို့ မဟုတ်ပါ။

လက္ခဏာကြည့်တာလည်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်တွက်တာလည်း မဟုတ်။

မမနှင့် ခခကို အရိပ်လိုကြည့်ပြီး ဂရုစိုက်တတ်တာမို့ အလိုအလျောက် သိတာမျိုး။

"ခ"

"ဘာလဲ"

ခခက မမကို ဆတ်ခနဲ လှမ်းကြည့်သည်။

"တစ်ခုပဲမှာမယ်၊ ဖေနဲ့မေကို ဂရုစိုက်"

"အင်း"

ခခကခေါင်းညိတ်သည်။ လေးလေးနက်နက်ပါ။ ဖေဖေနှင့် မေမေ့ အနားမှာ နေချင်လို့ကို ပြန်လာခဲ့တာ၊ ဂရုမစိုက်ဘဲ နေပါ့မလား။

"မမ"

"ဟေ"

"ပျော်နေလား"

"ပျော်တာပေါ့"

ဟုတ်မှာပါ . . . ချစ်သူရှိတာ ကြည်နူးစရာပဲ မဟုတ်လား မမကိုကြည့်ရတာ ချမ်းမြေ့ကျေနပ်နေပုံပါ။

ခခရော ချစ်သူရှိသင့်ပြီလား။





တစ်ခါမှ ရည်းစားမထားဖူးခဲ့တာ နောက်ကျနေပြီလား ဇဝေဇဝါ တွေးမိလာ၏။

ဖူးစာရေးနတ်မင်းကြီးက ခခကို မေ့နေတာလား၊ မြားနတ်မောင်က ဘယ်ရောက်နေပါလိမ့်၊ တကယ့်ကို ဘာဇာတ်လမ်းမှ မရှိသေး။

ခခက တစ်ယောက်တည်း ပြုံးနေမိသည်။

※ ✹ ※



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းမြည်သံကြောင့် ထွင်ရှက သောက်ဖို့ပြင်နေသော ဆေးတွေကို လက်ထဲဆုပ်ထားပြီး ဖုန်းသွားထူးမိ၏။

လူက ဖျားနေတော့ လန်းလန်းဆန်းဆန်းမရှိ။ ပိုဆိုးတာက ရင်ထဲက ဒဏ်ရာဒဏ်ချက်ပြင်းထန်သောဝေဒနာ . . .

တစ်နေ့ထက်တစ်နေ့ လျော့မသွားဘဲ ပိုခံစားနေရသလိုဝင်။ ဆိုးဆိုးရွားရွား နှိပ်စက်နေသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့ဘယ်ရက်များကျမှ အနည်ထိုင် တည်ငြိမ်နေသာ လာမလဲ။

"ဟက်လို"

"ကိုထွဋ်လား ဟင်"

နူးညံ့ညင်သာသော အသံကလေးမို့ သူ မျက်မှောင်ကြုတ်သွားရပါသည်။

ဘယ်သူများလဲ သူ့ကို အတိအကျ မေးလိုက်တာ။

"ဟုတ်ပါတယ်"

"အမရာပါ"

တစ်ဖက်က သူမနာမည်ကို ပြောပြပါသည်။ သေချာတာက ထွဋ်မကြားဖူးပါ၊ မသိပါ။

"သော်တာ့သူငယ်ချင်းပါ"

"ဪ"

ထွဋ်ရင်ထဲမှာ တင်းကျပ်သွားသလိုပင် . . .

ညီမလေး နာမည်ကို ကြားရရုံနှင့် ရင်ထဲက နာကျင်လိုက်တာ . . .

"ဆန်းသော်တာ သူငယ်ချင်းပါ"

"ဟုတ်ကဲ့ . . . ပြောပါ"

"ဟိုလေ"





ကောင်မလေးက ပြောရခက်နေတာလား ဘာလားမသိ။ ဘာကိစ္စမို့လဲ ငွေရေးကြေးရေးကိစ္စလား၊ သူ အားလုံးဖြေရှင်းမှာပါ။

"ပြောပါ . . . ဘာကိစ္စလဲ မသိဘူး"

"ကိုထွဋ် ပြန်ရောက်နေတယ်ကြားလို့ ဖုန်းဆက်လိုက်တာပါ . . ."

သူက ငြိမ်သက်စွာ နားထောင်နေလိုက်၏။

"သော်တာ့အတွက် အမရာတို့လဲ အရမ်းဝမ်းနည်းမိပါတယ်"

"အင်း"

သည်အသံတွေက ပြန်လာကတည်းက ကြားရဖန်များလွန်းလို့ ရိုးနေပါပြီ။

"သော်တာ မရှိတော့ . . . သူ့ခွေးလေးနဲ့ ကြောင်လေးကို အမရာ ခဏယူထားတယ်။

ဟုတ်သားပဲ . . .

ထွဋ် ခုမှ သတိရသည်။

ရှုပ်ရှက်နှင့် ပဲပဲ . . .

အိမ်က ခွေးကလေးနှင့် ကြောင်ကလေး . . .

ကြည့်စမ်း . . . သူ လုံးဝမေ့နေတာပါလား . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုထွဋ်ပြန်ယူမလား . . . အမရာပဲ ဆက်ယူထား လိုက်ရမလား . . . သိချင်လို့"

"ကျွန်တော် လာခေါ်မှာပါ"

ထွဋ်က ခပ်မြန်မြန်ပဲ ဖြေလိုက်၏။

ကိုကိုရဲမင်းနှင့် ညီမလေးသော်တာတို့၏ ခွေးကလေးနှင့် ကြောင်ကလေး . . .။

ထွဋ်အတွက် အမှတ်တရ ဖြေသိမ့်စရာကလေးလား၊ ဒါ ထားခဲ့တာလား။

သူ့မျက်နှာပြင်မှာ ယူကျုံးမရ ကြေကွဲခြင်းက ထင်ဟ လာပြီး မျက်လုံးတွေ စိုစွတ်လာ၏။

အမရာက သူ့ကို လိပ်စာ ပြောသည်။ သူ ဖုန်းချလိုက်ပြီ ဆေးသောက်သည်။ ရေနွေးပူပူသောက်သည်။

မြန်မြန်သက်သာမှ ရှုပ်ရှက်နှင့် ပဲပဲကို သွားခေါ်လို့ရမှာ

ခက်တာက သူ့ကိုသိပါ့မလား၊ အသာတကြည် လိုက်လ ပါ့မလား။ ခွေးနှင့်ကြောင်ဆိုတာက သခင်ကို အရမ်းမှတ်ထာ တတ်တာ၊ သိပ်ချစ်တတ်တာ။

ထွဋ်က ရေနွေးသောက်ရင်း . . . လူဇာ ငြိမ်သက်နေ၏ အိမ်ထဲမှာ တစ်ယောက်တည်းနေရတာ မလွယ်၊ ခြောက်သွေ့ လွန်းလှသည်၊ အေးစက်လွန်းလှသည်၊ အထီးကျန်လွန်းလှသည်





တစ်ခါမှ မတွေးဖူးသောအခြေအနေအထား . . . သူ ပြန်ရောက် လာရင် ကိုကိုနှင့် ညီမလေး ဝမ်းသာအားရ ကြိုစောင့်နေမယ် ပဲ ထင်ခဲ့တာ . . .

ဖြေလို့မရဘူးကွာ။

ကိုကို . . . ညီ ဘယ်လိုဖြေရမလဲ။

သော်တာ . . . နင်ပြောစမ်းပါ ညီမလေး၊ ငါ ဘယ်လို နေသွားရမလဲ။

သူ ယောင်ချာချာ ဖြစ်ကာနေ၏။

သူငယ်ချင်း တစ်ယောက်ယောက်ကို . . . ခေါ်ထားရင်ပဲ ကောင်းမလား။

ဒါမှမဟုတ် ကိုရဲကုမ္ပဏီက ဖိုးတာကို ခဏလာနေခိုင်းရ မလား။

သည်လိုချည်းပဲ တစ်နေ့တစ်နေ့ဆို မလွယ်၊ ကြာရင် လူက လန်ထူမှာမဟုတ်။

ငါ မလဲချင်သေးဘူး သော်တာ . . .

နင့်အတွက် တစ်ခုခု လက်တုံ့ပြန်ပေးချင်တယ်၊ တစ်ခုခု ပ်ပေးချင်တယ်။

ဒီအတိုင်းချည်း ပြီးမသွားချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ငါ ခံနိုင်ရည် မွေးနေတာ။

သော်တာ . . . နင် အရမ်း 'အ' လွန်းပါလား၊ နင် အရမ်းညံ့လွန်းပါလား၊ ဘာလို့ လူတစ်ယောက်ကို အဲဒီလောက် ရူးသွပ်စွာ ချစ်ခဲ့ရတာလဲ၊ ပေးဆပ်စတေးခဲ့ရတာလဲ၊ မထိုက်တ လိုက်တာ၊ အဓိပ္ပါယ်မဲ့လွန်းလိုက်တာ . . .။

*●*

ဉာဏ်ဝင်းစာပေ

နူးညံ့ညင်သာသော အသံကလေးကြောင့် လှလှပပ မိန်းမရာကလေးပဲဟု သူက ထင်ခဲ့တာ . . .။

တကယ်တမ်း မြင်ရသောအခါ ညီမလေး ဆန်းသော်တာ သူငယ်ချင်းအမရာက ထင်ထားခဲ့တာထက် အဆများစွာ ချောမောလှပ ကြော့ရှင်းနေခဲ့ပါသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဆိုစရာမရှိအောင် လှပချောမောသူကလေးမှ ထွင့် မသိခဲ့ပါ။

ညီမလေးကလည်း အမရာဆိုသောသူငယ်ချင်းအကြောင်း ပြောမပြဖူးခဲ့ပါ။

ကိုရဲရာ ... သည်လောက် နီးစပ်နေခဲ့တာ အမရာ မိန်းကလေးကို ကြိုက်ပါတော့လား။

သစ္စာမဲ့လွန်းသော စည်းမစောင့်သော တန်ဖိုးနည်းသော မိန်းမကိုမှ သွားပတ်သက်ရသလားဟု စိတ်ထဲမှာ အားမ အားမရ ဖြစ်မိ၏။

"အမရာပါ"

"ဟုတ်ကဲ့ ... ကျွန်တော်က ထွင့်ပါ"

"အင် ... အမရာ မြင်ဖူးပါတယ်"

"ဗျာ"

သူ အံ့အားသင့်သွားတော့ ... အမရာက ခတ်ပုံပါ ဖြည့်စွက်သည်။

ညီမလေးသော်တာက တကယ်ပါပဲ။ သူ့အစ်ကိုလေး ရည်းစားရသွားမှာ စိတ်ပူသည်။ နှမြောတွန့်တိုသည်။





"ကိုကြီးက ချစ်သူရှိနေပြီ၊ သော်တာ့ကို ဂရုစိုက်တော့တာ မဟုတ်ဘူး ... သိလား၊ ထိပ်ထားထိပ်ထားနဲ့ ပါးစပ်ဖျားက မချဘူး၊ ကိုလေးပဲရှိတာ ... ကိုလေး ရည်းစားမထားရဘူး ကတိပေး။"

"ဟ ... ဒါတော့ လွန်တာပေါ့ကွာ"

"မလွန်ပါဘူး၊ ညီမလေး ယောကျ်ားရပြီးမှ ကိုလေးချစ်သူ ရှာရမယ်"

"ကောင်းကွာ"

"ပေး ဆို"

"အေးပါ ... အေး ... ပေးတယ်"

အင်တင်တင် ခေါင်းညိတ်တော့ သော်တာက ရတက် မအေးနိုင်သေးဘဲ ...

"ဘာပေးတာလဲ"

"ကတိလေ"

"ဘာကတိလဲ"

"ညီမလေးပြောတဲ့ ကတိပေါ့"

"အဲဒါ ဘာကတိလဲ"

"ချစ်သူ မထားဘူး"

"ဘယ်အချိန်ထိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးချစ်သူ . . . အဲ . . ., ယောက်ျားရပြီးချိန်အထိ ဟုတ်ပြီလား . . ."

"အင်း . . . ပရောမစ် (စ်) နော်"

"အီး . . . အင်း"

အီး ဟု အရှည်ကြီးဆွဲပြီးမှ အင်းက တုံ့ခနဲ ခေါင်းညိတ်တာ

သူနှင့်သော်တာ အပြန်အလှန်ပြောခဲ့သော စကားတွေကို ပြန်ကြားယောင်ရင်း . . . ရင်ထဲမှာ နင့်ကာ ရုတ်တရက် ငိုင်က သွားမိ၏။

"ထိုင်ပါဦး နော်"

"ဟုတ်ကဲ့"

အမရာက သူ့အတွက် ကိတ်မုန့်နှင့် အအေး ယူလာပေးပါသည်။

"ဟာ . . . ရပ်ပါတယ်"

"ဖြည်းဖြည်းပေါ့ . . . စကားလဲ ပြောချင်သေးတယ်လေ"

ထွဋ်က သက်ပြင်းရှိုက်သည်။

"သော်တာနဲ့ အမရာက ရှယ်ယာစပ်တူ ဆိုင်ဖွင့်ထားတာ"

"ဩော် . . ."

"အဲဒါတွေ ကိုထွဋ် အားတဲ့နေ့တစ်နေ့ . . ."

"ဖြည်းဖြည်းမှပဲ လုပ်ပါလား"





"ရှင်"

"လောလောဆယ် ကျွန်တော် . . ."

"အမရာ သိပါတယ် ကိုထွဋ်ရယ် . . . နားလည်ပေးနိုင်ပါတယ်။ ဒါပေမဲ့ သိအောင် ပြောပြထားတာပါ"

ထွဋ်က ခေါင်းညိတ်သည်။

လတ်တလောမှာ . . . သူ နေသားမကျသေးပါ။ လူက ဘယ်လိုကြီး ဖြစ်နေမှန်းမသိ။ ခံစား နာကျင်နေပါသည်။

"သော်တာက သူ့ချစ်သူကို အရမ်းအားကိုး အရမ်းယုံကြည်ထားခဲ့တာ"

အမရာက တစ်စွန်းတစ်စ ဖွင့်ဟလာ၏။

"အဲဒါကြောင့်လဲ တစ်အားခံစားသွားရတာပေါ့။ သူ ဖြေလို့မရဘူး။"

ထွဋ်က ငြိမ်သက်စွာ နားထောင်နေပါသည်။ ကြားခဲ့ပြီးပြီ။ ဒေါသတွေလည်း ထွက်ခဲ့ပြီးပြီ။

လုပ်ရက်လေခြင်း။

ရက်စက်လိုက်တာ

ငါ့အစ်ကိုနဲ့ ငါ့ညီမလေးကို . . .

"ထိပ်ထားကိုလဲ သူငယ်ချင်းယောင်းမဆိုတော့ အရမ်းခင်တာ . . ."



www.burmeseclassic.com

www.burmeseclassic.com



ထပ်မကြားချင်သော စကားတွေ နားထဲကို ပူလောင်မြိုက်ကျွမ်းစွာ စီးဝင်ပါသည်။

ပြန်လာကတည်းက ထိုအကြောင်းအရာတွေက နားမဆံ့အောင် ကြားခဲ့ရတာ . . .

"ထိပ်ထားနဲ့ကိုဦးကို သော်တာကပဲမိတ်ဆက်ပေးခဲ့တာ၊ ထိပ်ထားနဲ့ကိုရဲက အရင်ကြိုက်ကြတာ ...သူတို့လေးယောက် တတွဲတွဲပဲ။ နောက်မှ ထိပ်ထားက ကိုဦးကိုစိတ်ဝင်စားသွားတာ"

အမရာက မမေးဘဲ နည်းနည်းရှင်းပြပါသည်။ ပြီးတော့ ကိုရဲ၏ ကြောင်ကလေးနှင့် သော်တာ၏ ခွေးကလေးကို ယူလာပေးပါသည်။

ခက်တာက ထိုနှစ်ကောင်က သူနှင့် မယဉ်ပါ။ သူ ဘယ်လို လုပ်ရမလဲ . . . ခေါ်လို့ပင်မရ။

ရှုတ်ရှက်က သူ့ကို ဝွန်း . . . ဝူး နှင့် အကပ်မခံ၊ အသပ်မခံ၊ အကိုင်မခံ။ ပဲပဲကတော့ 'ခွီး' ဟု အော်သည်။

ထွင့်က ထိုနှစ်ကောင်ကို ဘယ်လိုသယ်ရမှန်းပင် မသိ။ အမရာက ခြင်းတစ်ခုစီနှင့်ထည့်ကာ အဆင်ပြေအောင် လုပ်ပေးသည်။

"ကျေးဇူးပဲ"

"ခြင်းတွေကို အမရာ လာယူမယ်လေ"





"အင်း"

သူကလည်း ထပ်တွေ့ချင်ပါသေးသည်။

အနည်းဆုံး စကားပြောနေခွင့်ရလျှင် စိတ်သက်သာရာ ရမည်။

"ကိုထွင့် တစ်ယောက်တည်းလား"

"ဟုတ်တယ်"

ခပ်မြန်မြန် ခေါင်းညိတ်မိ၏။

"ကိုဖိုးတာကို မခေါ်ဘူးလား"

"ခေါ်မလို့ပဲ"

"သော်တာနဲ့ ကိုရဲက ဖိုးတာတို့ကို ခေါ်ထားတယ်။ အဲခု ကိုထွင့်က ကြိုက်မကြိုက်မသိဘူးဆိုပြီး ပြန်သွားတာ"

"ဖိုးတာနဲ့ ဘယ်သူလဲ"

"သူ့ကြီးတော် ဧဒါ ကြွေလေ"

"ဟုတ်လား"

တကယ်ပါပဲ ... ကိုကိုနှင့်ညီမလေးမရှိသော ကမ္ဘာကြီးက သူ့အတွက် ဓိမ်းဖက်လှပါသည်။ နေရတာ အေးစက်ခြောက်ကပ်လွန်း၏။ ကမ္ဘာသစ်တစ်ခုထဲ ရောက်နေသလို နွေးထွေးပျော်ရွှင်မှု ကင်းမဲ့ကာနေ၏။

ဟူး . . . မနေတတ်ဘူးကွာ . . .



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ဘာလို့ စောစောစီးစီးခွဲသွားရတာလဲ . . . မင်းတို့ မတရားဘူး။

ငါ ဘယ်လိုနေရမလဲ . . .

ပြီးတော့ ကောင်းကောင်းမွန်မွန်ခွဲသွားရင် တော်သေးတယ်ကွာ . . . ဆိုးဆိုးရွားရွား ရုတ်တရက်ကြီး နှုတ်မဆက်ဘဲ ထွက်သွားတာ . . . မင်းတို့ရက်စက်လွန်းပါတယ်။

အဲဒီထိပ်ထားဆိုတဲ့ မိန်းမက ဘယ်လောက်တော်နေလို့ ကိုရဲအသည်းကိုရော သော်တာ့အသည်းကိုပါ တစ်ချိန်တည်း တစ်ပြိုင်တည်း ခွဲသွားရတာလဲ။

ကိုဦးကရော . . . ဒီကောင် ဘာကောင်မို့လဲ၊ ညီမလေးကို ချစ်တမ်းကစားပြီး ကိုရဲချစ်သူကို လုယူရဲလောက်အောင် သတ္တိတွေ ဘယ်ကရတာလဲ။ ဘာလို့ မင်းတို့ အညွှန့်ခံအရှုံးပေးပြီး အဖြစ်ဆိုးနဲ့ ကြုံရတာလဲ။

"ကိုထွဋ်"

"ဗျာ"

"အမရာပြောလိုက်တာ ကြားလား ဟင်"

"ဆောရီး . . . မကြားလိုက်ဘူး"

အားနာနာနှင့် ဝန်ခံမိ၏။





သူ့အတွေးတွေက ဟိုရောက် သည်ရောက် မငြိမ်မသက်နှင့် ရှုပ်ထွေးနေပါသည်။

"ပဲပဲက ငါးသေတ္တာတစ်မျိုးပဲ စားတယ်"

ကျွတ် . . . အဲဒါတွေ သူ ပေးရမှာ . . . စူးစမ်းရမှာ သူ တကယ်ပဲ လိုအပ်နေသည်။

"သော်တာက ငါးတွေ၊ ပုစွန်ခြောက်တွေ မကျွေးဘူး၊ ငါးသေတ္တာဘူးပဲ . . . ငယ်ငယ်ကတည်းက ဖောက်ကျွေးတော့ ငါးသေတ္တာပဲ စားတတ်တာ"

"ဟုတ်လား"

"ရှုတ်ရှက်က ကြက်အသည်းအမြစ်စားတယ်"

"တကူးတက စီစဉ်ရမှာလား"

"သူတို့အစာဘူးတွေ မစားဘူးလား"

"ဟင့်အင်း . . . မစားတတ်ဘူး၊ ရှုတ်ရှက်က အသည်းအမြစ် မရရင် အမဲသား တစ်ခါတလေစားတယ်၊ အင်တင်တင်နဲ့ စားတာ"

သည်လိုဆို မဖြစ်ပါ။

ပီးတာနှင့် သူ့ကြီးတော်ကို အမြန်ခေါ်မှ . . .



www.burmeseclassic.com

www.burmeseclassic.com



ထွဋ်က စိတ်ညစ်ညစ်နှင့် ထိုးသိပ်ရင် သိပ်တတ်တာ။ သည်နှစ်ကောင်ကို အစာ အချိန်မှန်ကျွေးဖို့ ပြုစုထိန်းသိမ်းဖို့ လိုတာအမှန်။

"သူတို့က လာနေပေးပါ့မလား"

"လာနေပေးမှာပါ၊ ကိုထွဋ်ကို အရမ်း ကရုဏာသက်နေကြတာ . . ."

"ဟုတ်လား"

ထွဋ်က သက်ပြင်းရှည်ရှိုက်သည်။

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါ"

ထွဋ်က ရှုတ်ရှက်နှင့် ပဲပဲကို ကားထဲပို့သည်။

"အဆင်မပြေရင် ပြန်ခေါ်လာလေ . . . အမရာ ကြည့်ပေးထားလို့ရတယ်"

"အဲဒီလိုစကားကြားရတာ ကျွန်တော် စိတ်သက်သာရပါတယ်"

"အမရာ့က လုပ်ငန်းကိစ္စတွေလဲ ပြောချင်သေးလို့ပါ"

"ကျွန်တော် ဖုန်းဆက်မယ်"

"ကိုဖိုးတာရဲ့ ဖုန်းနံပါတ်ရော ရှိလား"

"ရှိပါတယ်"





အမရာဆိုသူကလေးက အရမ်းအလိုက်သိပြီး ချစ်စရာကောင်းသည်၊ ဘာမဆို စဉ်းစားပေးသည်၊ သူ့အတွက် စိတ်ပူပေးဖော်ရသည်။

"ကျွန်တော်,အမရာ့ဆီ ဖုန်းဆက်လို့ရမလား"

သူ့မျက်နှာကလေး ပြုံးသွား၏။

"ရပါတယ်"

ကြည်ကြည်ဖြူဖြူ လိုလိုလားလား ခွင့်ပြုသည်။

သူ့,အတွက်တော့ မိုးပေါ်က ရုတ်တရက်ကြွေကျလာတဲ့ နတ်သမီးလေးပါပဲ။

"သော်တာနဲ့ ကိုရဲနဲ့ ခင်သလို ကျွန်တော့်ကိုလဲ ခင်လို့ရပါတယ်"

"ကိုထွဋ်ကို မာနကြီးတယ်ထင်တာ"

"လုံးဝမဟုတ်ဘူး"

ခပ်လောလော ဖြေရှင်းမိ၏။

သူက ဖော်ရွေလိုက်လှဲပြီး . . . ပျော်ပျော်နေတတ်သူတစ်ယောက်ပါ။

အခုလို . . . ငေးငိုင်ဆွေးလျ ယူကျုံးမရ ဖြစ်နေတာက နင်းထဲက ရိုက်ချက်ပြင်းပြင်းကြီးကြောင့် ဖြေလို့ကို မရသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



"အကူညီ လိုရင်ပြော၊ စားချင်တာရှိလဲ ပြော၊ ချက်ပေးပါ့မယ်"

"တကယ်လား"

"တကယ်ပေါ့ . . . နောက်စရာမှ မဟုတ်ဘဲ"

"ကျေးဇူးပဲဗျာ"

သူ့အတွက် အားဆေးတစ်ခွက်လိုပါပဲ။

အမလေး ...

တကယ်ပဲ ကျေးဇူးပါ။

အဲဒီကျေးဇူးကို ကိုယ်မှတ်ထားပါ့မယ်"

※ ✹ ※



"ဟာ . . . မင်းတို့နှစ်ကောင် ဘာဖြစ်နေတာလဲ"

တီဗွီပိတ်ပြီး အိပ်ဖို့ပြင်မှပဲ . . . ဟိုနှစ်ကောင် အနှောင့်

တ် ပေးနေသည်။

ထွင့်ခုတင်ပေါ် တက်ထိုင်ပြီး ရန်ဖြစ်နေကြတာ ... ပဲပဲက

ာက်ကို လက်နှင့် လှမ်းလှမ်းပြီး ပါးချသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းတွေစူးတော့ ဟိုကောင်က တင်းပြီး ငူးငူးနှင့် ပြန်အော်နေတာ . . . သွားကြီးတွေပင်ပေါ်လို့ . . .

ဘာဖြစ်နေတာလဲကွာ . . .

သူ စိတ်မရှည်စွာ မေးမိ၏။

တကယ့်နှစ်ကောင် ...

နေ့ခင်းနေ့လယ်ဆို အရမ်းတည့်သည်။ လုံးဝညီညွတ် သလား မမေးနှင့်။

ခြံထဲကို ကြောင်စိမ်းတစ်ကောင် ဝင်လာပြီဆို ရှုတ်ရှက်မှ ဖွတ်ထိုးလိုက်တော့တာ ... စားတော့ ဝါးတော့မတတ် တစ်စ ဆုတ်ဖြဲပစ်တော့မည့်အတိုင်း . . .

ပဲပဲရော ဘာထူးလဲ အတူတူပဲ။

ခွေးတစ်ကောင် ရစ်သီရစ်သီမြင်တာနှင့် ... ခွီး ခွဲနှ အမြီးကြီးဖွာပြီး ရန်လုပ်တော့တာ . . .

ညအိပ်ရာဝင်မှပဲ သခင်လုပြီး မတည့်တော့တာ . . .

"ငါ အိပ်ချင်ပြီကွာ . . . မင်းတို့ကို မဖျန်ဖြေနိုင်ဘူ ရန်ဖြစ်ချင်လဲ ဆက်ဖြစ်၊ မင်းတို့ချင်းညှိကြ။

ထွင့်က စောင်ကြီးဆွဲယူပြီး ... ခြုံလိုက်ရင်း ပြောတော ဟိုကောင်က နားလည်သလိုကြည့်နေ၏။ ပြီးမှ မကျေမနပ်န တစ်ဖက်တစ်ချက်စီ ခွေအိပ်ကြသည်။





ပဲပဲက အိပ်ရာဝင်ပြီဆို လျှာနှင့် သူ့ကိုယ်သူ သန့်ရှင်းရေး လုပ်မဆုံး . . .။

ရှုတ်ရှက်က . . . သူ့ဘေးမှာ ခုနစ်ပတ် လှည့်နေသည်။ ဘာတွေမှန်းမသိ။

ဖိုးတာနှင့် သူ့ကြီးတော် ဒေါ်ကြွေ လာနေသေးလို့သာ တော်သေးသည်။

ထွင့်က ငြိမ်သက်စွာ မျက်စိမှိတ်ထားတော့ မျက်ရည်ပူတွေ စီးကျလာ၏။

ကျွန်တော်ငိုနေတယ် ကိုရဲ . . .

ရင်ထဲမှာ မခံစားနိုင်ဘူး ... အောင့်ပြီး နာနေတယ်။

သော်တာ ညီမလေး . . .

ကိုလေးငိုတာ မမြင်ဖူးဘူးလို့ နင်ပြောခဲ့တယ် မဟုတ်လား၊ အခု နင့်ကြောင့် ငါ ငိုနေတယ်။

နင်တို့ ရက်စက်တယ်ဟာ . . .

ငါ့ကို တစ်ယောက်တည်းထားခဲ့တယ်။

ငါတို့မောင်နှမ သုံးယောက်တည်း ရှိတာလေ . . .

နင်တို့ အဲဒီလိုလုပ်သွားတော့ ငါ ဘယ်လိုနေရမှာလဲဟာ၊ ပြောဦး . . . ပြောဦး။



www.burmeseclassic.com

www.burmeseclassic.com



ငါ မငိုတတ်ဘူး။

လွယ်လွယ်နဲ့မျက်ရည်ကျတတ်တဲ့ ခပ်ပျော့ပျော့ခပ်ညံ့ညံ့ ယောက်ျားမဟုတ်ဘူး။

ဒါပေမဲ့ ငါ အခု ... နင်တို့ကို သတိရလွန်းလို့ ရင်ထဲမှာ ပူလောင်လွန်းလို့ မျက်ရည်ကျတာဟ ... ငါ့မျက်ရည်တွေက မီးတောက်တွေလိုပါပဲ။

ထိပ်ထား ...

မင်းကို ငါ့မျက်လုံးထဲမှာ နှစ်ပြမယ်။

ငါ့မျက်ရည်တွေ ဘယ်လောက်ပူလဲ နင်သိအောင် နင့်ကို အဲဒီမျက်ရည်တွေထဲမှာ နစ်မွန်းစေမယ် ... နင်ခံစားကြည့်

နင့်နှလုံးသားကို ငါ့မျက်ရည်ပူတွေနဲ့ စိမ်ပြမယ်၊ အဲဒီအခါ နင့်နှလုံးသားပူပြီး ကျက်သွားမယ်။

နင့် ဟိုကောင်လဲ သိစေမယ်၊

နင်နဲ့ ဟိုကောင်က နှစ်ယောက်တစ်ဘဝ။

မိုးမမြင် လေမမြင် ချစ်နေကြတာဆို ...

နင် ခံစားရရင် ဟိုလူလဲ ခံစားရပြီပဲ။

နင့်ရှေ့ကို ငါရောက်လာမယ် ထိပ်ထား။





နင် ပြန်ပြီးပေးဆပ်ဖို့သာ ပြင်ထားပေတော့၊ ငါ့အစ်ကိုနဲ့ ငါ့ညီမလေးဆီက လုယူသွားခဲ့တဲ့အရာအားလုံး နင့်ဆီကနှစ်ဆ ငါ ပြန်ယူမယ်။

အာဃာတကြီးတယ်၊ မပြောစမ်းပါနဲ့ ...။

ငါ ဖြစ်နိုင်ရင် နင့်ကို သတ်ချင်တယ်။ သေတာထက်ဆိုးတဲ့ နာကျင်ခြင်းတွေ နင့်ဆီ ရောက်လာတော့မှာပါ။ နင် ခံနိုင်ရည် ရှိဖို့သာ ပြင်ပေရော့ ...။

✻ ✺ ✻



www.burmeseclassic.com

www.burmeseclassic.com

"သမီးငယ်"

"ရှင် . . . လာပြီ မေမေ"

ခခက လှန်းလက်စအကျီတွေကို ထားခဲ့ပြီး မေမေ့ခေါ်သံကြောင့် ထွက်လာခဲ့ပါသည်။

"လာပါဦး သမီးရဲ့"

ဖေဖေနှင့်မေမေက ထမင်းစားခန်းမှာ ကော်ဖီသောက်နေကြပါသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာလုပ်ပေးရမလဲ မေမေ"

ခခက အလိုက်သိစွာ မေးလိုက်၏။

"သမီးဖေဖေက သမီးလက်သံ နားထောင်ချင်တယ်"

ခခက ရှက်စနိုးပြုံးသည်။

မတီးဖြစ်တာပင် ကြာခဲ့ပြီ။

ဖေဖေက တောင်းဆိုလို့သာ တီးရမှာ။

ခခက စန္ဒရားကြီးရှေ့မှာ သွားထိုင်၏။

မမက လုံးဝ သင်မထားပါ။

ခခပဲ ဖေဖေ့ဆီက သင်ထားခဲ့တာ။

ဖေဖေက သူ သင်ပေးထားသော ဂီတပညာကို မေ့မ

နေချင်ပုံပါ။

ခခက စန္ဒရားကို ညင်သာစွာတီးသည်။ ဖေဖေက ငြိမ်သ

စွာ နားထောင်နေ၏။

* ✹ *



ထွန်းက ကားကို ဖြည်းညင်းစွာ စက်သပ်ရပ်ပြီး ခြံဝင်းထဲကို လှမ်းမျှော်ကြည့်သည်။

ခြံဝင်းတံခါးက ဖွင့်ထားပါသည်။

ဧည့်ခန်းမှာလည်း လူသူအရိပ်မရှိပါ။

ကားထဲကဆင်းပြီး . . . ခြံရှေ့ကို သူလျှောက်သွားမိ၏။ လိုက်ကာရှည်ရှည်ဖားဖားချထားသော ဧည့်ခန်းနှင့် ကပ်လျက် အခန်းက စန္ဒရားတီးသံချိုချိုကို ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မသိမသာနှင့် သူ့ခြံရှေ့ မယောင်မလည် ရပ်နေလိုက်၏။ ထိပ်ထားဆိုသောမိန်းမကို သူ လာကြည့်တာပါ။

ခက်တာက လူရိပ်လူယောင် လုံးဝမမြင်ရတာ . . .။

သူ ကားထဲ သွားပြန်ထိုင်ချသည်။

ဘယ်လိုလုပ်ရမလဲ . . . စဉ်းစားစမ်း။

ထိပ်ထားဆိုတဲ့ မိန်းမကို တွေ့ခွင့်ရအောင် . . . ထွဋ်က ကားထဲမှာ စိတ်ရှည်ရှည်ထိုင်နေ၏။

အချိန်တွေသာ တရွေ့ရွေ့ကုန်သွားတာ . . . စန္ဒရားတီးသံသာ ရပ်သွားတာ . . .

ဘယ်သူ့ကိုမှ တွေ့ခွင့်မရ။

သူ လက်လျှော့ပြီး ကားကို မောင်းလာခဲ့၏။ လမ်းထိပ်ရောက်တော့ ကားကို တုံ့ခနဲရပ်မိ၏။

မပြန်ချင် . . .

သည်လိုချည်း မပြန်ချင် . . .

ထူးခြားမှုမရှိဘဲ မပြန်လှည့်ချင်။

ကားကို ပြန်ကွေ့ပြီး . . . နှစ်ခြံကျော်လောက်မှာ ရပ်ထားလိုက်၏။

ခေါင်းထဲမှာ စဉ်းစားနေသည်၊ ကြံစည်နေသည်။





ဘာကို ဘယ်လိုပြောရမလဲ ဆိုတာတွေ . . . ဟော . . . ခုတစ်ခါ ပိုဆိုးသွားပြီ။ ခြံဝင်းတံခါးပိတ်သွားခဲ့ပြီ။

စောစောက ခြံထဲ အလွယ်ဝင်လို့ ရနိုင်သေးသည်။ အခုတော့ မလွယ် . . .။

ခြံဝင်းကိုကျော်ပြီး သူ မဝင်ရဲ . . . ပိုင်နက်ကျူးလွန်မှု ဖြစ်သွားလိမ့်မည်။

ဖွင့်ထားသောခြံတံခါးကို လာပိတ်သွားတာ ဘယ်သူများလဲ . . .။

သူ မှားသွားသည်။

စိတ်ရှည်ရှည်စောင့်ကြည့်နေသင့်တာ . . .။

ခြံရှေ့မှာ လျှောက်ပြီး . . . ခြံထဲကို ခိုးဝှက်ကြည့်ရင်း သူ မကျေမနပ်ရှိနေ၏။

ခုနက ပြတင်းပေါက်တံခါးပိတ်ဖို့ လိုက်ကာကို ဖယ်မိစဉ် ခြံရှေ့မှာ လှစ်ခနဲမြင်ရသောလူရိပ်ကြောင့် စူးစိုက်ကြည့်မိ၏။

လူတစ်ယောက်ပါလား။

ဟိုဘက် သည်ဘက် လျှောက်ခါနေသည်။ အနည်းငယ်ဝေးနေတော့ သဲသဲကွဲကွဲမမြင်ရပါ၊ ထူးဆန်းတာက ခုန အဲဒီလို မရှိ၊ ပြုန်းစားကြီး ရောက်လာတာ . . .။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒရားတီးပြီး မြို့ထဲဆင်းတော့ ခြံဝင်းတံခါးဖွင့်ထားတာမို့ မမော်ကို အော်ခေါ်ပိတ်ခိုင်းရသေးတာ . . . ဦးလေးပြုံးက ဘယ်ရောက်နေမှန်းမသိ။ မူးပဲမူးပြီး အိပ်နေပြီလားမသိ။

ခြံဝင်းတံခါးကို ညအထိ မပိတ်တာသိလျှင် ဖေဖေဆီ တော့မှာ . . .

ခခက ခဏစဉ်းစားနေ၏။

အိမ်ကိုလာတဲ့ ဧည့်သည်လား။

ဧည့်သည်ဆို ခြံဝင်းတံခါးမှာရှိသော လူခေါ်ဘဲလ်ကို နှိပ်မှာ ပါ။ ခေါင်းလောင်းကြိုးလည်းရှိသားပဲ။ ဧည့်သည် မဖြစ်နိုင်ပါ။

ကိုယ့်ခြံရှေ့ ဆိုပေမယ့် အဲဒါလမ်းမပေါ် မှာပါ၊ လမ်းပေါ်က ကိစ္စဆို . . . စိတ်ဝင်စားစရာမလို၊ ခခနှင့် မဆိုင်ပါ။

သူ့ဟာသူ ခေါက်တုံ့ခေါက်ပြန် လျှောက်လျှောက် ငုတ်တုတ်ပဲထိုင်ထိုင် ခခကိစ္စမဟုတ်။

ခခက ပြတင်းတံခါးကို ဖျတ်ခနဲဆွဲပိတ်ပြီး အိပ်ရာဆီ လျှောက်လာခဲ့၏။

ဘာကြောင့်ရယ်မသိ။

စိတ်ထဲမှာ တထင့်ထင့်နှင့် . . . ။





တကူးတက ခြံဝင်းတံခါးရှေ့ လျှောက်သွားပြီး ဘာကူညီ ရမလဲ မေးသင့်သလား။

ခုတင်စွန်းမှာ ထိုင်ချပြီးမှ . . . ပြန်မတ်တတ်ရပ်မိ၏။ ဆင်းမေးလိုက်တာပဲကောင်းမည်။

ခခ အောက်ထပ်ကိုဆင်းလာပြီး မမော်ကို သွားခေါ်သည်။

"မမော်ရေ . . . ခဏ"

မမော်နှင့်အတူတူ အိမ်ထဲက ထွက်လာခဲ့၏။

"ဟင်"

ခြံဝင်းတံခါးရှေ့မှာဘာမှလည်း မရှိ။

"ဘယ်သူမှမရှိပါဘူး ခ ရယ်၊ ခ အကြည့်မှားတာ နေမှာပါ။

"ဟင့်အင်း . . . မဟုတ်ပါဘူး"

ခခက ခေါင်းခါမိသည်။ သေသေချာချာ မြင်လိုက်တာပါ။ အခု ဘယ်ရောက်သွားပြီလဲ။

"ကားသံလည်း မကြားပါဘူး"

မမော်က ခခကို စေ့စေ့ကြည့်ကာဆို၏။ ခခက ဘာကိုမှ မပြောင်းခုံဘဲ တိတ်တိတ်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း လက်ငင်းကြီး ပျောက်သွားတာ ခဓပင် မယုံနိုင်။ မမော် ယုံကြည်လက်ခံလာအောင် ပြောမပြတတ်တော့ . . .။

"လာပါ အိမ်ထဲဝင်ရအောင်"

"အင်း"

ခဓက မမော်နှင့်အတူတူ အိမ်ထဲဝင်လာခဲ့၏။

✻✹✻



ခဓက သစ်ခွပန်းပင်ကလေးကို ရေတရှူးရှူးနှိပ်ဖျန်းရင်း မေမေ့ကို မေးလိုက်၏။

"မေမေ"

"ဟင် . . . ဘာလဲ သမီး"

"ဘေးခြံက လူမရှိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



တုတ်တယ် . . . ပိတ်ထားတာ ကြာပြီ။ မေမေတို့ကို ရောင်းမယ်လို့ ပြောထားတယ်။

"ဟုတ်လား"

"ဘာလို့လဲ သမီးရဲ့"

"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး မေမေ"

ညတုန်းက တွေ့ခဲ့သော ခပ်မတ်မတ်စတိုင်နှင့် လူက အဲဒီဘက် . . . လူမနေသောခြံဘက်မှာပါ။ ဟိုဘက်အခြမ်း မဟုတ်။

ထိုခြံမှာ လူမနေတာသေချာတော့ မယောင်မလည်လုပ်နေတာ ခခတို့ခြံကိုလဲပေါ့ . . . မမမိတ်ဆွေတစ်ယောက်ယောက်များလား . . . မမက သူငယ်ချင်းအရမ်းပေါတာ။

ဟိုလိုလို ဒီလိုလို . . . အီစီကလီ ဘာညာသာရကာတွေက အများသား။ မမ မရှိတာမသိဘဲ လာရစ်ဝဲနေတာများလား . . .။

"မေတို့က ဝယ်မှာလား . . . ဟင်"

"မဝယ်ပါဘူး သမီးရယ် . . . ဒီခြံက ကျယ်သားပဲဟာ ဘာလုပ်ဖို့လဲ"

မေမေ့ကို ခက မေးကြည့်တာပါ . . . ဘေးချင်းကပ်ရက် ခြံကို ဝယ်မယ်လဲ တစ်ခါမှ ပြောသံမကြားရပါ။





"မေမေက 'မ'နဲ့ 'ခ' အိမ်ထောင်ကျရင် ဒီခြံထဲမှာပဲ နှစ်ထပ် တိုက်ကလေး ဆောက်မယ်လို့ သိုင်းသိုင်းဝိုင်းဝိုင်း တိုင်တိုင် ပင်ကလေး နေရအောင်လို့လေ . . .။

သူ့စိတ်ကူးကို မေကဖွင့်ဟအသိပေးလာ၏။ လတ်တလော ခဆန္ဒက အရေးမပါ။

'ခ'မှာ ချစ်ရမယ့်သူ မရှိသေးပါ။

'မ'ဆန္ဒကရော မေမေ မေးပြီးပြီလား။

"မမက ဘာပြောလဲ မေ"

"သဘောတူပါတယ် . . . သူ့ကောင်ကလေးကလည်း သဘော တဲ့"

"အဲ . . . ဘယ်ဆိုးလို့လဲ . . ."

"မမအပေါ် အလိုလိုက်သား . . ."

"အဲဒါတွေ မမက အကဲပိုနေတာ . . . အသည်းပိုနေတာ၊ ဘဝင် ခိုက်ခိုက်တုန်ဖြစ်နေတာ နေလိမ့်မယ်"

"ခလဲ ရှိလာရင် ကြိုပြောထား၊ မေမေတို့နဲ့ပဲ နေမယ် . . . နဲ့ မခွဲနိုင်ဘူး လို့"

မေမေ့မေတ္တာကို ခခ သိပါသည်။ သမီးနှစ်ယောက်ကို အောက်က အပျောက်မခံနိုင်၊ မခွဲနိုင် . . . ကိုယ့်ရှေ့မှာပဲ ချင်တာ . . .။



www.burmeseclassic.com

www.burmeseclassic.com



'ခခ'ကရော မေမေ့ဆန္ဒကို ငြင်းမှာမို့လား . . . မေမေ
ကြိုပြောထားမှတော့ . . . ခေါင်းထဲထည့်ထားမှာပါ။

"စိတ်ချ မေ၊ သမီးက မေမေတို့နဲ့ပဲနေမှာပါ။ အဲဒီအတွ
မပူပါနဲ့"

"အတူတူနေကြတယ်ဆိုပေမယ့် ...တစ်ဦးကြောင့် တ
အနှောင့်အယှက် မဖြစ်အောင် သီးသီးသန့်သန့် ဘောင်
ကလေး . . . ဘောင်ကလေးနဲ့ နေရမယ်။

"ဟုတ် . . . 'ခ' ကြောင့် ဘာပြဿနာမှ မဖြစ်စေရ
'ခ' က နေတတ်ပါတယ်။"

မေမေစိတ်အေးအောင် ပြောထားလိုက်၏။

"မေ"

မေမေက 'ခ' ကို လှမ်းကြည့်သည်။

မမ . . . သူငယ်ချင်းတွေ ဘာတွေ လာတတ်သ
ဟင်" ဟု ထပ်မေးမိ၏။

"လာတာပေါ့ . . . များလွန်းလို့"

မေမေက အရေးမကြီးသလို ရေရွတ်၏။

'ခ'က ဘာလို့ တလေးတနက် ဖြစ်နေရတာလဲ။ ဘ
စိတ်ပူနေရတာလဲ"

စိတ်ထဲမှာ ထင့်ကာနေသည်။





အဲဒီလူက မရှိးသား။

'ခ'ကပဲ ထင်တာလား။

တစ်ခုခုကို 'ခ' ရင်ထဲမှာ ကြိုသိနေသလိုပင် . . .၊ ကြိုပြီး
ားနေရသလိုပင်။

ဘာရယ် ဟု ပြောမပြတတ်ပါ။ ဖျားခါနီးလျှင် ကိုယ်လက်
ိက်ခဲ နုံးခွေပြီး ကြိုတင်အရိပ်ပြသလို . . . တစ်ခုခုက 'ခ'
ိ ရင်လေးစေသည်။

'ခခ' စိတ်ထဲက ထင်နေတာလား . . .။

※ ✹ ※



www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်မီးပျက်သွားတော့ ခခ ငေါက်ခနဲ ထထိုင်မိ၏။

ခခ မအိပ်သေးပါ။ ခုနလေးတင် စာအုပ်ဖတ်ပြီးသွားတာ။

အရမ်းညဉ့်နက်နေပြီမို့ ခခက ပြတင်းပေါက်တံခါးပင် ပိတ်တဲ ဝင်အိပ်လိုက်တာ။

ပြတင်းပေါက်ကနေ တစ်ဖက်ခြံကို လှမ်းမြင်နေရပါသည်။ တွေလင်းလို့ပါလား။ ခ တို့အိမ်ပဲ မီးပျက်သွားတာလား။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ထက်က အသာဆင်းပြီး ... စားပွဲပေါ်က မီးအိ ကလေးကို လှမ်းဖွင့်လိုက်၏။ ထိုအချိန်မှာပဲ ခ,ကို နောက်က တစ်စုံတစ်ယောက်က လှမ်းဖက်လိုက်ပြီး ... နှစ်ယောက်စ လုံးထွေးကာ ခုတင်ပေါ် ကျသွား၏။

"အိုး"

ခခက ထိတ်လန့်စွာ ရေရွတ်ပြီး ဝုန်းခနဲ လူးလဲထပေမ သူ့ကိုယ်ကြီးကြောင့် ထမရဘဲ ခုတင်ပေါ် ကြမ်းတမ်းစွာပြန် သွား၏။ လူက ထူပူပြီး အရမ်းကြောက်လန့်သွား၏။ သူ့ကိုယ် ကွယ်နေတာမို့ မီးအိမ်အလင်းရောင်ကို 'ခ' မတွေ့ရ။ သူ့မျက် ကိုလည်း မမြင်ရ။

တလက်လက်နှင့် 'T' စာလုံးပုံစံ ဆွဲပြားတစ်ခုသာ မြင်နေရသည်။

"ရှင်ဘယ်သူလဲ ... လွှတ်စမ်းပါ။ ရှင် ဘယ်လိုလုပ် ကျွန်မအခန်းထဲ ..."

စကားမဆုံးခင် သူက ခခ၏ ပါးစပ်ကို လက်ဖနောင့် အုပ်ပြီး ဖိထားလိုက်၏။

ဝူး ... အမယ်လေး ...

အသက်ရှူရကျပ်လှစွာ ခ ရုန်းကန်မိခိုက် သူက ခ အင် ကို မြိခနဲ ဆွဲဆုတ်ပစ်လိုက်သလိုပင်။





ခေါင်းထဲမှာ တစ်မျိုးကြီးဖြစ်ကာ ... ခ အစွမ်းကုန် ဆောင့်တွန်း ရုန်းကန်လိုက်၏။

သည်လိုတော့ အဖြစ်မခံနိုင်။

ခ အရမ်းတွန်းလိုက်တာကြောင့် သူက လန်ကျသွားပြီး က်ချင်း ပြန်ကုန်းထ၏။

ပြီးတော့ မီးအိမ်ကို လျင်မြန်စွာ ပိတ်ပစ်လိုက်၏။

ခက ခုတင်ထက်က ဆင်းပြီး ပြေးဖို့ကြိုးစားသည်။

သူ ဘယ်သူလဲ အရေးမကြီး။

ခ လွတ်မြောက်ဖို့က အရေးကြီးတာ။

မှောင်ဖည်းနေပေမယ့် အခန်းတံခါးဘက်ကို ခ သိသည်။

ခ ... နင် ဘာလုပ်နေတာလဲ ... အော်လေ ... အော်ပါလား ... အကူအညီတောင်းလေ ...

ကြောက်လန့်သွေးဖျက်စွာ မေ့နေသော ကိုယ့်ကိုယ်ကို သတိပေးရသည်။

"မေမေရေ ... ဖေဖေ ... မမမော် ... မေမေ ... ဘာပါဦး။ သမီးကို ကယ်ပါ ... မေမေရေ ... ဖေဖေရေ"

အော်လိုက်တာ ခခ မှားသွားပြီဆိုတာ ... တင်းကျပ်စွာ ဆောင့်ဆွဲခံလိုက်ရချိန်မှာ သိလိုက်၏။ သူက ခခကို အသံ ကြောင့် အမှောင်ထဲမှာ ရှာတွေ့သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခခ သူ့ရင်ဘတ်ကို ဆောင့်တွန်းသည်။

သူ့လက်တွေကို ကိုက်ပစ်သည်။

"လူယုတ်မာ . . . ရှင်ဘယ်သူလဲ . . . မိုက်ရိုင်းလှ လား . . . နွမသားချင်း မစာနာ . . . လွှတ် . . . ငါ့ကို ခွေးတိရစ္ဆာန်"

ခခက ခြေနှင့်ကန်လိုက်တော့ သူက အားခနဲ အော်သ သူ့လက်ထဲက ခခ ထပ် တစ်ကြိမ် လွတ်မြောက်သွား၏။

ခခ အသံမပေးတော့ပါ။

တိတ်ဆိတ်စွာ နံရံကိုကပ်ပြီး . . . ငြိမ်သက်နေမိသ မောလွန်းလို့ အသက်ရှူ၍ပင်မဝ။ ခ လွတ်မြောက်ပါ့မလာ

မေမေ . . . နိုးလာပါတော့ . . .

ခခကို အမြန်ကယ်ပါ။ ခခ ဒုက္ခရောက်နေပြီ။ လက်နှစ် တင်းတင်းပိုက်ကာ စုတ်ပြဲသွားသော အင်္ကျီစကို ပြန်ဖမ်းဝ မိ၏။

နံရံကို ကျောနှင့်မခွါဘဲ ခြေသံမကြားအောင် တစ်လှမ်းခ လှမ်းမိသည်။

တံခါးကို ရောက်ပါပြီ။ ဘယ်လိုဖွင့်ရမလဲ။ ထိုအချိန်မှ ဖုန်းသံက ကျယ်လောင်စွာ မြည်လာပြီး . . . အောက်ထပ် လှုပ်ရှားသံ ကြားလိုက်ရ၏။ ခခ ထပ်မအော်ရဲပါ။





ရိပ်ခနဲ လှုပ်ရှားသွားသော သူ့ကို . . . ပြတင်းပေါက်ကနေ ကျော်ထွက်သွားတာ မြင်လိုက်ရသည်။

သူ ပြေးပြီ။

ဖေဖေတို့ နိုးလာပြီး . . . သူ့ကို ဒုက္ခပေးတော့မှာ သူ သိသည်။

ခခက ပြေးသွားပြီး . . . မီးအိမ်ကို မြန်ဖွင့်လိုက်၏။

မော်ကြီး ပန်းကြီး ရင်ဘတ်ဖိကာ အသက်ရှူမိစဉ် မီးတွေ ပြန်းဆို လင်းလာ၏။

လှေကားပေါ် တက်လာသောခြေသံကြောင့် ခခ ပြေးထွက် ခေါ်မိသည်။

"မေမေ"

ဖေဖေနှင့် မေမေပါ . . .

"သမီး . . . ဘာဖြစ်လို့လဲ"

မေမေ့ရင်ခွင်ထဲ ပြေးဝင်မိသည်။

-လူက တဆတ်ဆတ်တုန်နေ၏။

"မီးပျက်သွားတာပါ သမီးရဲ့"

ဖေဖေက အားပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . သမီးအကျီ . . ."

ခခက ငိုရှိုက်ပြီး ရှင်းပြသည်။

"သမီး . . . အိပ်မက် မက်တာလား"

"သမီးမှ မအိပ်သေးတာ"

ဖေဖေနှင့် မေမေ ဇဝေဇဝါဖြစ်သွား၏။

"မိန်းခလုတ်ကို ဘယ်သူချလိုက်သလဲမသိဘူး။ မီးပျက်သွားတာ"

"မိန်းဆွဲ ချလိုက်တယ် ဟုတ်လား"

ဒါဆို သေသေချာချာ ကြံစည်မှု . . . တမင်လုပ်တာ ဘယ်သူများလဲ။ ခခကို ကျီစယ်တာ မဖြစ်နိုင်။

"သမီး"

"ရှင်"

"ဒီည မေမေတို့နဲ့ပဲ လာအိပ်ပေါ့"

"အင်း"

ခခက ခုတင်ပေါ်က ခြုံစောင်သွားဆွဲယူသည်။

နောက်ရက်တွေလဲ . . . ခခ တစ်ယောက်တည်း မအိပ်ရဲတော့ပါ။ စိတ်ထဲမှာ မလုံခြုံ။





ငယ်ငယ်က ညီအစ်မနှစ်ယောက်အိပ်ခဲ့သော ဖေ၊ မေ အခန်းနှင့်ကပ်လျက်နံရံကိုလည်း နှစ်ခန်းတစ်ခန်း တံခါးပေါက် အကြီးကြီး ဖောက်ထားပြီးသားမို့ . . . ထိုအခန်းမှာပဲ သွားအိပ်တော့မည်။

"တော်ပါသေးရဲ့ ဘုရား သိကြား မ,လို့ . . ."

ဖေနှင့် မေက ခခ ဘာမှမဖြစ်တာမို့ ထိုကိစ္စကို အကျယ်မချဲ့ချင်။ ပြီး ပြီးရော ရှိစေ . . .

မိန်းကလေးမို့ . . . အရှက်တရားက ပို အရေးကြီးသည်။ သိုသိုသိပ်သိပ်ပဲ အဆုံးသတ်ချင်သည်။ တစ်ဆင့်စကား တစ်ဆင့်နားနှင့် စကားတွေ ကားပြီး . . . ခခကို မဲဟုတ်မတရားထင်မှာ မလိုလား။

"သမီး . . . အိပ်မက်မက်တာ ဖြစ်မှာပါ"

မေမေက အဲဒီလို ပြောလာသည်။

"မဟုတ်ပါဘူး မေမေ . . . တကယ်ပါ။"

ခခ စကားကို မေမေက မျက်ရိပ်ပြသည်။

မမော်က အနားရောက်လာပြီကိုး . . .

မမော်တို့ ဦးပြုံးတို့က စကားကို အရမ်းပုံကြီးချဲ့တာ။ အိမ်ထဲက သတင်းကို လမ်းမှာ၊ ရပ်ကွက်မှာ၊ ဈေးထဲမှာ၊



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာ 'ဖွ' ပြီးသား။ အိမ်မှာ ငါးဟင်းချက်လည်း လူသိသည်။ ဘုရားသွားလည်း လူသိသည်။

ခြံခေါ်ရှင်းလည်း လူသိသည်။ ဘာမဆို လျှောက်ပြော တတ်တာ။ သည်တော့ မသိတာ အကောင်းဆုံး။

"အိပ်မက်မက်တာပဲ ဖြစ်မှာပါ။

ခခက ချက်ချင်း စကားကို လျှောချလိုက်၏။

မမော်ကြောင့်ဆိုတာ ခ သိသည်။

✳ ✹ ✳



ကားထဲမှာ ဝုန်းခနဲ ထိုင်ချပြီး . . . အသက်ကို ဟိုက်နေအောင် မောကြီး ပန်းကြီးရှူမိ၏။

ကား ဘက်ကြည့်မှန်မှာ လည်ပင်းကဆွဲကြိုးက တလှုပ်လှုပ် တလက်လက်။

ကျွတ် . . . အရေးထဲ . . .



www.burmeseclassic.com

www.burmeseclassic.com



ထွင့်က ဆွဲကြိုးကို ဆွဲဖြုတ်ပြီး ... ဒက်ရှ်ဘုတ်ထဲ ပစ်ထည့် လိုက်၏။

ဟူး ...

- သူ့ရင်ထဲမှာ မွန်းကျပ်စေ၊ ပန်းနေပါသည်။ ချွေးတွေ တစ်ကိုယ်လုံး ရွှဲနစ်လို့ ...။

ကိုယ်ပါ ဒုက္ခရောက်တော့မလို့ ...

ထင်သလောက်မလွယ်။

သည်လို မိုက်ရူးရဲ လုပ်လို့မရ။

ပြဿနာ ကြီးသွားလိမ့်မည်။

ဘယ်လောက်ပဲ သွေးအေးတယ်ဆိုဆို၊ နာကြည်းချ ရှိတယ်ဆိုဆို၊ လက်တွေ့မှာတော့ စိတ်ကူး အံတွေးနှင့် ကွာခြ သည်။

နူးညံ့အိထွေးသော ကိုယ်လုံးကလေး သူ့ရင်ခွင်ထဲရော လာတော့ ရုတ်တရက် အငိုက်မိသွားသည်။

သူက လူရမ်းကားမဟုတ် ... ဒေါသစိတ်နှင့်သာ ကြံစ မိတာ တစ်သက်နှင့်တစ်ကိုယ် မစဉ်းစားခဲ့ဖူးပါ။

ထိုကဲ့သို့ အကြံအစည်ကို သူ ကြိုးစားလို့မရ။ စိတ်လော ပြန်ချဉ်လို့မရ။ စိတ်ရှည်ရှည်နှင့် ဖွဲ့ရှိမှရမည်။





လှလှပပ တုံ့ပြန်နိုင်ဖို့ အချိန်ယူရတော့မည်။ နောက် တစ်ကြိမ် ထပ်သွားလို့လည်းမရ။ တစ်ဖက်ကကြိုတင်ပြင်ဆင်မှု တွေ လုပ်ထားတော့မှာ။ သူ့အတွက် အခွင့်အရေးမရနိုင်။

အခုတောင် သူ မနည်းပြေးလာခဲ့ရတာ ကံကြီးပေလို့ ...၊ သူဒုက္ခရောက်ဖို့ နည်းနည်းပဲ လိုသွားသည်။

လုံးဝမဖြစ်သေးပါ။

ထွင့် ခေါင်းယမ်းမိ၏။

ခုထက်ထိ ချွေးတွေ ရွှဲနစ်နေတုန်း ...။

သူလည်း စိုးရိမ်ထိတ်လန့်သွားခဲ့မိတာပါပဲ။

သူ့ကိုယ်ကျင့်တရားက သည်လိုအောက်တန်းကျ ရိုင်းစိုင်း ကြမ်းတမ်းသော ကိစ္စကို လက်မခံနိုင်။ နဖူးတွေ့ ဒူးတွေ့ကြုံမှပဲ သူ သိလာ၏။

ထိပ်ထားဆီမှ ကိုယ်သင်းနံ့တစ်မျိုးနှင့် ရှမ်ပူနံ့သင်းသင်းက ခုထက်ထိ သူ့ဆီမှာ စွဲကျန်ရစ်နေပါသည်။

ဘာလို့ မင်းကို လက်နှေးရမှာလဲ ... မင်းကို ပိုင်ဆိုင်ဖို့ ဘာလို့ တွန့်ဆုတ်တွေဝေနေရမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



အသက်ကိုမှန်မှန်ရှူပြီး ... ခေါင်းကို ကူရှင်မှာ မှီချထားမိ၏။ ကားကို မြန်မြန်မောင်းမှ သည်လမ်းထဲက ချက်ချင်းထွက်သွားမှ ဖြစ်မည်။

တော်ကြာ ထိပ်ထားအိမ်က လူတွေထွက်လာလို့ သူ့ကို မြင်သွားခဲ့ရင် . . .

သူ ကမန်းကတန်း ကားစက်နှိုးသည်။ ကားကို လမ်းထိပ်မရောက်တရောက်မှာ ရပ်ထားတာပါ။ နီးနီးကပ်ကပ်ဆို ကားစက်သံကြားမှာစိုးလို့ပါ၊ ရိပ်မိသွားမှာစိုးလို့ပါ။

ဖြည်းဖြည်းအေးအေး နည်းလမ်းရှာပြီး ချဉ်းကပ်မှဖြစ်မည်။ ကားကို ဂီယာတစ်ိုက်မောင်းရင်း . . . သူ့အဖြစ်ကို သူ ရယ်လည်းရယ်ချင်၊ စိတ်လည်းပူပြီး ရင်ထဲမှာ ရှုပ်ထွေးနေ၏။

ထိပ်ထားကို ညင်သာစွာချဉ်းကပ်ကြိုးစားရမည်။ ထိုမိန်းမ မျက်နှာရည်ကျတာ မြင်ရမှ . . . သူ ဘဝင်ကျလိမ့်မည်။ ကိုကိုနှင့် ညီမလေးအတွက် ... ကိုယ့်မိသားစုက အဲဒီနှစ်ယောက်တည်းရှိတာ။ နှစ်ယောက်စလုံးကို မင်းက ထိခိုက်နာကျင်စေခဲ့တာ ကိုယ်ဘယ်လိုမှ ခွင့်မလွှတ်ဘူး။

✻✺✻



မောင်ထွန်း ပြန်လာချိန်မှာ သမီးလေးသော်တာနဲ့ မောင်ရဲ
ဘာ ရှိနေရင် သိပ်ကောင်းမှာ . . .

ဒေါ်ကြွေက . . . သူ့အတွက် ကော်ဖီနှင့် ထမင်းကြော်
ပြင်ပေးရင်း ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မောင်နှမတွေက အကြိုက်ချင်းတူကြတယ်။ သူ
နှစ်ယောက်လဲ မနက်ဆို ပဲပြုတ် ကြက်ဥထမင်းကြော်ပဲ ..
ကော်ဖီပဲ . . ."

ဒေါ်ကြွေကတော့ စောစောစီးစီး စိတ်အနှောင့်အယှ
ဖြစ်အောင် ပြောနေပြန်ပါပြီ။

သူ မေ့ထားချင်သောကိစ္စကို အစဖော်ပြန်ပြီ။ မပြောပါ
ဟုလည်း မတားချင်။ ကြားလိုက်ရပြန်ရင်လည်း ရင်ထဲ ဆို
ကြေကွဲထိခိုက်လှပါသည်။

"ဟို သူငယ်မလေးမွေတာ . . . မကောင်းတာ"

လာပြန်ပြီ နောက်တစ်ယောက် . . .

အားလုံးက တူညီစွာ ထိပ်ထားကိုပဲ အပြစ်မြင်ကြပါသ
အဲဒါကြောင့်လည်း ထိပ်ထားကို သူ ပိုမုန်းတီးမိတာ .
မျက်ရှုမိတာ။

"အနေမတတ်၊ အထိုင်မတတ်၊ ကိုယ့်ယောက်မလော
ကောင်လေးကို မြူဆွယ်ဖြားယောင်းသိမ်းသွင်းတယ်။ သော်
ချစ်သူကလေးက လူအေးပါကွယ်။ မိန်းမလည်နဲ့တွေ့
ပါသွားတာ ... ဟိုကောင်မလေးက ရှုပ်လဲရှုပ်၊ လည်လဲလ
သိပ်ဆိုးတာ"





အဲဒီလောက်တောင်ပဲလား

မင်း . . . ငါ့ရှေ့မှာ ဒူးထောက်ဝပ်စင်းသွားစေရမယ်၊
င်းကို ငါချိုးပစ်မယ် . . . မင်းဘဝကို နာလန်မထူနိုင်အောင်၊
တ်ဆင်းရဲအောင် နေ့တိုင်း နေ့တိုင်း ပူလောင်မောဟိုက်
အောင် ငါ လုပ်ပြမှာပါ။

မင်း မတရားလုပ်ခဲ့တာတွေ မင်း ပေးဆပ်ရမယ်၊ ငါ့ဘဝ
က်သွားခဲ့ပြီ။ ငါတို့မောင်နှမသုံးယောက်ရဲ့ကမ္ဘာ ပြိုလဲသွားခဲ့ပြီ။

မင်းကို ငါ အလွတ်ပေးမယ် ထင်လား။

"သေတော့ . . . ချစ်သူကို အရှက်အကြောက်မရှိ လုယူ
းတာ . . . မပြောချင်ပါဘူး"

"ဒေါ်ကြွေ . . . သိလို့လား"

ထွဋ်က ထမင်းကြော်စားရင်း မေးမိ၏။

"မတွေ့ချင်၊ မမြင်ချင်အဆုံး၊ မကြားချင်မှအဆုံး၊ စိတ်
င်းရဲစရာတွေ . . . မောင်ရဲ့နဲ့ သော်တာကလဲ စကားများကြ၊
တ်ကွဲကြနဲ့ မောင်နှမချင်း မတည့်တော့ဘူး"

"ဩော် . . ."

ထွဋ်က သက်ပြင်းရှိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မီးလိုပူတဲ့ မိန်းကလေးပါကွယ်"

ထိပ်ထားကို ဒေါ်ကြွေက မှတ်ချက်ချသည်။

အဲဒီမီးကို ပြာမှုန့်ဖြစ်ပြီး လွင့်စဉ်သွားအောင် ထွင့် စဉ်း နေပါပြီ။

သိပ်မကြာတော့ပါဘူး။

* ● *



ခခက လက်ကလေးပိုက်ပြီး ခြံထဲကို ငေးကြည့်နေမိ၏။

ဟိုတစ်နေ့ညက အဖြစ်အပျက်ကို ဘယ်လိုပဲ ပြန်စဉ်းစား ...ား မရှင်းလင်းပါ။

ဘယ်သူလဲ . . . ဘာကြောင့်လဲ . . . ဘာလို့ အဲဒီလို ...တာလဲ . . . ခခ ဘာမှားခဲ့သလဲ . . . တွေးလို့မရ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး"

"ရှင်"

"မေမေနဲ့ လိုက်မယ် ဆို"

"ဟုတ်"

ခခက နံရံကပ်ဗီရိုဆွဲဖွင့်ပြီး . . . အဝတ်အစားလဲသ
ဘောင်းဘီရှည် ပန်းနုရောင်ကလေးနှင့် အကျီအနက်က

မျက်နှာကိုတော့ . . . ဘာမှခြယ်သမနေဘဲ နှုတ်ခ
အရည်လေး ဆိုးသည်။ ဆံပင်ကိုဖြန့်ချသည်။

ငြိမ့်ညောင်းသော တေးသွားလေးတစ်ခု မြည်လာ
အခါ ခခက *Hand Phone* ကလေးဆီ လှမ်းကြည့်မိ

ထိပ်ထားမမ၏ဖုန်းကို သည်မနက်မှ ခဏဖွင့်ထား
အခုလေးတင်ပဲ စက်ပြန်ပိတ်မလို့ပါ။

ဖုန်းဝင်လာတော့ အံ့အားသင့်မိ၏။

"ဟက်လို" ဟု ဖုန်းသွားထူးပေမယ့် တစ်ဖက်က
မပြောဘဲ တိတ်ဆိတ်ကာနေ၏။ ဘာလို့များလဲ၊ ပေါ်လာ
နံပါတ်ကို ပြန်ဆက်မိသောအခါ ထူးသံမကြားရ၊ အမှ
ဝင်လာသော ဖုန်းသံတစ်ခုအပေါ် ခခ အစွဲမထား
သည်ဖုန်းသံနှင့် ဟိုနေ့ညကအဖြစ်နှင့် ဆက်စပ်လို့လည်း မ





တစ်ယောက်တည်း ထင်ကြေးနှင့် တွက်ဆမနေချင်ပါ။
သိုကိစ္စကို အိပ်မက်ဆိုး တစ်ခုလို မေ့ပစ်လိုက်ချင်ပါသည်။
မေ့လည်း မေ့သွားမှာပါ။

ထိပ်ထားမမ၏ ဖုန်းကို ပိတ်ပစ်လိုက်သောအခါ ခခဖုန်းက
မြည်လာပြန်သည်။

"ဩော် . . . ဖေဖေ"

"သမီးလား . . . ခခ"

"ဟုတ် . . ."

"အားလား . . . သမီး"

"ဘာကိစ္စလဲ ဖေဖေ"

"ဒီမှာကွာ . . . အိမ်က 'ကက' တက်စီ လမ်းမှာထိုးရပ်
သွားလို့တဲ့ . . ."

"အဲဒီတော့ . . ."

"ဒရိုင်ဘာနဲ့ ဖေဖေ စကားများတယ်၊ ဒီကောင် လုပ်ပုံ
ကိုင်ပုံ မဟုတ်ဘူး။ ဖေဖေက ဒီမှာ လုံးဝမအားဘူး။ အားလုံး
အစည်းအဝေး ရှိနေတယ်။ သမီးအားရင် ကားကို တစ်ချက်
သွားကြည့်ပေးပါလား"

ခခက ပင့်သက်ရှိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထမင်းစားနေတဲ့ ကားကို . . . လမ်းလယ်ကော
ဖြစ်သလို ပစ်ထားရက်သော ဒရိုင်ဘာ . . . အရမ်းရိုင်းစိုင်းလွ
ပါလား။

"ခခ သွားလိုက်မယ် . . . ဖေဖေ"

"ခဏနေရင် ဖေဖေ မောင်ဖွဲ့ကို လွှတ်ပေးမယ် . . .
အစည်းအဝေးပြီးတာနဲ့"

"ဟုတ်"

ခခက ကားရှိနေသောနေရာကို မေးသည်။ မြန်မြန်သွား
မှာပါ။ ကားက ကိုယ့်ကား . . . ကိုယ်မှာ တာဝန်ရှိသည်။

"မေမေ . . . ခခ မလိုက်တော့ဘူး"

"ဘာလို့လဲ သမီးလေး"

ဖေဖေ . . . ကိစ္စတစ်ခု ခိုင်းလို့ . . ."

ခခက မေမေ့ကို အသိမပေးပါ။ မေမေက ဘာမဆို စိ
ပူတတ်သူပါ။

ခခ ချက်ချင်းပဲ ကားရှိရာ ထွက်လာမိ၏။ အိမ်ကကား
အိမ်ပြန်ရောက်အောင် ယူလာဖို့ ခခမှာ တာဝန်ရှိသည်။

ဖေဖေက ရုတ်တရက် ချပေးလိုက်သောတာဝန်ပါ။ ခ
ကျေပွန်ရမည်။

❊ ✺ ❊



ကားဆီရောက်သွားတော့ ပထမဦးဆုံး ယာဉ်ထိန်းရဲနှင့်
ရင်ဆိုင်ရပါသည်။

လမ်းလယ်မှာ ဖြစ်သလိုရပ်ထားသော ကိစ္စကြောင့်ပါ။
ခခက ပြေရာပြေကြောင်း တောင်းပန်ရှင်းပြပြီး စက်ဖုံးဖွင့်ကြည့်
သည်။

ဘာမှလည်း နားမလည်။



www.burmeseclassic.com

www.burmeseclassic.com



ခခက ဝပ်ရှော့ (စက်ပြင်ဆရာဆီ) ဖုန်းဆက်သည်။

ဝပ်ရှော့က ချာတိတ်နှစ်ယောက်ရောက်လာပြီး ဘာတွေ လုပ်မှန်းမသိ။

"အစ်မ . . . ဝပ်ရှော့မောင်းသွားမှာလား"

"အိမ်ပဲ မောင်းသွားမယ်"

"လမ်းမှာ စက်မသတ်နဲ့"

"ဟင် . . . အဲဒီလိုလား"

"ဟုတ်တယ် . . . အဲဒီလိုပဲ"

ဖြစ်မှ ဖြစ်ရလေ . . .

"မှေးမောင်းသွားလိုက်"

"အိုကေ . . . ရတယ်"

ခခက လက်ကာပြလိုက်သည်။

တော်တော်ရက်စက်တဲ့ ကောင်လေးနှစ်ယောက်၊ စက်မသတ်ဘဲ မှေးမောင်းသွားတာ။

ကောင်လေးနှစ်ယောက် ထွက်သွားတော့ ခခ ကားပေါ် တက်သည်။ တံခါးပိတ်သည်။





ကားကို လမ်းဘေးတွန်းပေးထားသော မော်တော်ပီကယ် ကို လက်ပြရသေးသည်။

"ဝေးလား"

"ဟင့် အင်း . . . ဒီနားလေးပဲ"

မော်တော်ပီကယ်က တာဝန်အရရော . . . လူမှုရေး အရပါ မေးရှာသည်။

ခခက စက်မရပ်အောင် ခပ်ဖြည်းဖြည်း မောင်းလာခဲ့၏။ တော်သေးတာပေါ့၊ အိမ်နှင့် နီးနေလို့သာ . . .

ကားပြင်တာကဖေဖေ့ကိစ္စပါ၊ ဖေဖေစီမံမှာပါ၊ လောလော ဆယ် ကား အိမ်ရောက်ရင် ပြီးရော . . . ခခ အလုပ်က အဲဒီ လောက်ပဲ။

ဘုရား . . . ဘုရား။

လမ်းမှာ စက်သေလို့မဖြစ်ပါ။ ဟိုကောင်လေးနှစ်ယောက် ကို ပြန်ဖုန်းဆက်နေရမည်။

ခခက သူများအထင်သေးမှာ မလိုလားပါ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိချင်သည်။

"ဟောတော့ . . . ဟဲ့ ပလုတ်တုတ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလူနှယ် . . . ကားရှေ့တည့်တည့် ပိတ်ရပ်ပြီး ကားတား ရသလား။

ဘာကြီးလဲ . . .

အင်းဟုတ်သားပဲ၊ တက်စီဆိုတော့ . . . အငှားယာဉ်လေ၊ တားမှာပေါ့ . . .

ခခအပြစ်ပါပဲ . . .

"ရှင် . . . ဘာလုပ်တာလဲ"

"ဗျာ . . ."

"အူကြောင်ကြောင်နဲ့"

"ခင်ဗျား . . . ဘယ်လို ဒရိုင်ဘာလဲ"

"ဘာ . . ."

"ပါစင်ဂျာမပါလဲ ကားမရပ်ဘူး"

"အိုး . . . ကျွန်မ တက်စီဒရိုင်ဘာမဟုတ်ဘူး ရှင့် . . . ပြဿနာပဲ"

ကားငှားသောလူရွယ်က မျက်မှောင်ကုပ်တာ ပြုံးသွားပြီး နောက်တော့ လေးလုံးကွဲအောင် ရယ်သည်။

"ရှင့်ကြောင့် . . . ကျွန်မကား စက်ရပ်သွားပြီ"





"ဗျာ . . . ဗျာ"

"ရှင် . . . လူရှင်တော်စတိုင် လာမဖမ်းနဲ့၊ ဒီမှာ စက်မသေ အောင် မနည်းမောင်းလာတာ"

"ခင်ဗျားစက်ကို ကျွန်တော်ဘာလုပ်လို့လဲ အသားလွတ်ကြီး ပါဗျာ"

သူကလည်း ငုံ့မခံဘဲ ခွန်းတုံ့ပြန်ပါသည်။

"ဖြည်းဖြည်းမောင်းလာမှန်းသိရက်နဲ့ . . . မရပ်တာလဲ သိရက်နဲ့ ဖွတ် ကားရှေ့ရောက်လာတာကိုး"

"ဒါကတော့ . . . ကားငှားချင်လို့ပဲဟာ"

"ထားပါတော့ . . . ရှင်ကားကြည့်တတ်လဲ ကူညီဦး"

"အဖြူရောင်လေ . . . ကြည့်တတ်သားပဲ"

သူက ရွှတ်နောက်နောက်နှင့် ရယ်၏။

ခခက နှုတ်ခမ်းကိုက်သည်။

"ကဲပါဗျာ . . . ကြည့်ပေးပါ့မယ်"

ထွင့်တ ရယ်ဟဲဟဲနှင့် ခေါင်းညိတ်လိုက်၏။

ဟိုးတစ်ညက ကိုယ့်ရင်ခွင်ထဲ နစ်မြုပ်နေခဲ့သော သူမကို မြင်တွေ့ရာက ရင်ထဲမှာ တရှိန်းနွေးနွေးနှင့် လှိုက်ဖိုမောနေ သလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ ဘာမှ သိပုံမရ။

အခွင့်အရေးကို စောင့်ဆိုင်းနေသော သူ့အတွက် လှ
သော အခြေအနေကောင်းတစ်ခု မြန်ဆန်စွာ ရရှိလိုက်တ
သူ့ကံ။

"ဟာ . . . ဒါရိုက်ဂျိုင်းပြီး မောင်းလာတာပါလား"

"ကျွန်မ မသိဘူးရှင့်၊ ဝပ်ရှော့က ကောင်လေးနှစ်ယော
လုပ်ပေးသွားတာပါ"

"သူတို့ကို အိမ်အထိ ပို့ခိုင်းလိုက်လား"

"သူတို့က ဝပ်ရှော့ပဲ မောင်းချင်နေကာ"

ဪ . . . ဟုတ်လား"

ထွဋ်က ကားကို ခဏလေးအတွင်းမှာပင် မောင်းလို့
အောင် လုပ်နိုင်ပါသည်။

ဂါသနာပါပြီး စိတ်ရှည်လို့လည်း တတ်နေတာပါ။

"ရပြီ . . . တက်"

"ရှင် . . ."

"ကျွန်တော် မောင်းပို့မယ်"

ခခက တစ်ချက်စဉ်းစားသည်။





ယုံသင့်ရဲ့လား။

စိတ်ထဲမှာ ချင့်ချိန်ခါနေမိ၏။

အချိန်ကလည်း ညမဟုတ်ပါ။ ကားကလည်း ဆိပ်ကောင်း
တာ မဟုတ်။ ဇွတ်မောင်းပြေးလို့လည်း မရနိုင်ပါ။

ကဲ . . . တက်ပြီ။

ခခက ခေါင်းညိတ်ပြီး ကားပေါ်တက်သည်။

"ကျွန်တော့်နာမည် 'ထွဋ်' ပါ"

"ဟုတ် . . . ကျွန်မက 'ခခ' ပါ"

ထွဋ်က ဆတ်ခနဲ လှည့်ကြည့်သည်။

သူသိထားတာက ထိပ်ထားပါ။ ဘယ်လိုလုပ်ပြီး နာမည်ကို
သာပြောရတာလဲ။

"ဘယ်ကို မောင်းရမလဲ"

ထွဋ်က လိုရင်းမေးသည်။ သူမက . . . အိမ်လိပ်စာတော့
အမှန်အတိုင်းပြောသား။

"ရှင် . . . အလောတကြီး ကားငှားတာ"

"ဟုတ်တယ် . . . မင်္ဂလာဆောင်ခံပွဲ သွားမလို့"

"အားနာလိုက်တာရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် . . . ကိတ်နဲ့ ကော်ဖီ ကျန်ဦးမှာပါ၊ သတို့သား သတို့သမီး မပြန်ခင် ရောက်ရင် ပြီးတာပါပဲ။

သူ့စကားကို သူမက ရယ်သည်။

"ကျွန်မကြောင့်ပါ"

"လျှော်ကြေးပေးမလို့လား"

"ရှင်"

"ကော်ဖီနဲ့ မုန့် ကျွေးချင်မလား လို့ပါ"

"ဟင့်အင်း"

ခခက ခေါင်းခါသည်။

သူက စကားပြော ချိုသည်၊ ပွင့်လင်းသည်၊ ခင်စ ကောင်းသည်။

"ကျွန်တော်ကတော့ . . . 'ကက' ပေါ်က ခခကို သိကျွ ခွင့်ရတဲ့အတွက် အမှတ်တရကျွေးချင်ပါတယ် ရမလား" တဲ့ . .

အိုး . . . သူ့မျက်လုံးကြီးတွေက စူးရှလွန်းလှပါ အသည်းထဲအထိ တုန်ခါသွားသလိုပင် . . .

မှော်လို ညို့သောအကြည့် . . . ထိုအကြည့်မှာ အငိုက် ကာ ရင်ခုန်သွားရသူက 'ခခ' ပါ။





"ဘုရားစူး"

တစ်ခါမှ အခုလောက်အထိ ဖျပ်ဖျပ်လူးလူး . . . တုန်တုန် ါ ရင်မခုန်ဖူးခဲ့ပါ။

သူ ဘယ်လို ပြုစားလိုက်ပါလိမ့်။

တစ်ခဏကလေးအတွင်းမှာ . . . ခခ၏ ရင်ခုန်သံကို မ်းပိုက်ဖမ်းစား ညို့ငင် ဆွဲယူသွားနိုင်သည်မို့ လန့်လည်း န့်မိပါရဲ့။

အင်အားပြင်းထန်သောအကြည့် . . .

ခခ ဗုန်းခနဲ လဲပြို ယိုင်သွားနိုင်သည်။

တဆိတ် . . . ရှင့်အကြည့်တွေ . . . ရုပ်သိမ်းစမ်းပါတော့။ င်ရှည်မရှိလို့ပါ။

"ကျွန်တော် ဒင်နာ (ညစာ) ကျွေးပါရစေ။

ခခက ဖူးအိနေသော နှုတ်ခမ်းလေးတွေ တင်းတင်းစေ့ကာ င်းယမ်းဖို့ကြိုးစားပါသည်။ ခေါင်းညိတ်လို့မဖြစ်ပါ။ ချက်ချင်း သူဖိတ်ခေါ်တာကို လက်ခံစရာလား၊ မိန်းကလေးတို့ဣန္ဒြေ ပေးလို့မရ တဲ့။ အိုက်တင်လေးတော့ ခံဦးမှ . . . လွယ်လွန်း ယ် ထင်ရင် အခက်။



www.burmeseclassic.com

www.burmeseclassic.com



သည်ခေါင်းက ဘာလို့ ဆတ်ခနဲ ညိတ်ချင်ရတာလဲ

ခခက ပင့်သက်ရှိုက်သည်။

"ကျွန်တော်ကျွေးမှာ စားဖို့ အားနာနေရင် . . . မ
တစ်ခါ ပြန်ကျွေးပေါ့"

သူက ရယ်သံတစ်ဝက်နှင့် ပေါ့ပေါ့ပါးပါး ပြောလ
သူ့အကြည့်ကြောင့် ရင်တုန် လှုပ်ရှားကာ ငြိမ်သက်နေမိ
ခခမှာတော့ မပေါ့ပါးနိုင်။ လေးနက်စွာ မှင်တက်နေမိသ

သည်လူ့အရှေ့မှာ အကြီးအကျယ် ကျရှုံးတော့မှာ
ခခ စိတ်တင်းထားမိသည်။

ဘယ်ယောကျ်ားလေး ရှေ့မှာမှ ခခ ရင်တုန်မရှုံးနိ
သေးပါ။

သူ့မျက်လုံးတွေ၏ အကြည့်နက်နက်က နှလုံးသ
ဆွဲယူညှို့ငင် ဖမ်းစား ယိမ်းထိုးစေပါသည်။

ဒါဟာ ရှုံးတော့မယ့်လက္ခဏာ၊ ပထမဦးဆုံး ရင်ခုန်ခ

* ✹ *



အမရာက မုန်လာဥနီဖျော်ရည်ကို နှစ်မြိုက်စွာသောက်ရင်း
သက်နေပါသည်။

"အကြာကြီးပဲဗျာ"

"မကြာပါဘူး . . . ရန်ကုန်ကို မကြာမကြာ ပြန်လာမှာပါ။
တော့ တွေ့ကြတာပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား"

"တကယ်ပေါ့ . . . ကိုထွဋ်ရယ်"

"ဘာပဲဖြစ်ဖြစ် . . . ကျွန်တော် ခုချိန်မှာ အမရာ့ကို အ
အလိုရှိနေတယ်။ သံယောဇဉ် ဖြစ်နေတယ်။

အမရာက . . . သူ့ကို မျက်လွှာကလေး လှန်ကြည့်သ
ထွဋ်နှင့် အမရာ ကြာမြင့်စွာ မျက်လုံးချင်းဆုံမိ၏။

ထွဋ် ရုတ်တရက် တွေးမိတာက . . . တစ်နေ့နေ့
အမရာကို လက်ထပ်ဖြစ်မလားဆိုတာ . . .

အမရာက သူ့အကြည့်ကြောင့် မျက်လွှာချသွား၏။
မျက်လုံးတွေ၏အဓိပ္ပာယ်ကို အမရာ ရှာဖွေတွေ့ရှိသွားပြီလ

"ဒီကို ပြန်ရောက်လာတော့ . . . အမရာပဲ ရှိသလို
ရှတယ်။ ကျွန်တော့်အတွက် အရာရာ အေးစက်လွန်းတယ်
ဘယ်နေရာကြည့်ကြည့် ရေခဲပြင်ပဲ"

အမရာက ပင့်သက်ရှိုက်သည်။

ပြီးတော့ . . . စားပွဲပေါ် တင်ထားသော သူ့လက်ကို
လက်ဖဝါး နုနုဖောင်းဖောင်းကလေး တရွှေ့ရွှေ့ တိုးကပ်လ
အုပ်မိုးဖျစ်ညှစ်ကာ အားပေးနှစ်သိမ့်၏။

ညတ်ဝင်းစာပေ



အချစ်ဆိုတာ . . . . ဝမ်းနည်းကြေကွဲ လစ်ဟာချိန်မှာ
ဟာမျှဝေ ခံစားသူလား။

နှစ်သိမ့်အားပေးဖော်လား။

ဘာပဲဖြစ်ဖြစ် အမရာ့အပြုအမူကလေးက ထွဋ်ကို ကျေနပ်
ပါသည်။

"အမရာက အဝေးကြီးသွားတာ မဟုတ်ပါဘူး။ ကိုထွဋ်
တိရရင် . . . တွေ့ချင်ရင် လိုက်လည်လို့ ရတာပဲ။ ပတ်(စ်)ပို့
ဗီဇာမလိုတဲ့ ဒီနားနီးနီးကလေးပဲဟာ"

"ဟုတ်ပါတယ် . . . ဒါပေမဲ့ တစ်မြို့စီလေ။

ထွဋ်စကားကို အမရာက ရယ်သည်။

"မယ်တစ်ရွာ . . . မောင်တစ်မြို့တဲ့ . . . အဝေးကြီးပဲပေါ့"၊

"အဟင်း . . . "

ချစ်သူချင်းတွေ သည်းသည်းလှုပ်လှုပ် အကဲပိုကြတဲ့
းတွေကို ထုတ်သုံးလာတော့ အမရာ့မျက်နှာကလေး နီရဲ
ပါသည်။ ရင်ခုန်မြန်အောင် ကျီစားနေတာလား။ ခရီးသွား
မခွဲနိုင် မခွါရက်ဖြစ်အောင် ဖမ်းစားနေတာလား။ အမရာက
ာလေးပါ။ မျှော်လင့်ချက်အိပ်မက်တွေ မက်နေရမှာလား။

ညတ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်" လို့ ပွင့်ပွင့်လင်းလင်းလဲ မဆို၊ ဘယ်လိုယူ နားလည်ရမလဲ။

"ကိုထွန်း ဂရုစိုက် နော်"

"စိတ်ချပါ"

"အရမ်းလဲ စိတ်မထိခိုက်ပါနဲ့"

"အင်း"

"အမရာ ဖုန်းဆက်မှာပါ"

"နေ့တိုင်းလား"

သူနှင့်အမရာ အကြည့်ချင်း ဆုံမိပြန်သည်။

အနှောင့်အသွားမလွတ်သော စကားတွေ

"ကိုထွန်း ဆက်ပေါ့ . . ."

"အိုကေ . . . ညတိုင်း ဖုန်းပြောမယ်"

သူမမျက်နှာကလေးက ကြည်နူးမှုကြောင့် ပြုံးရွှင်သွား

သည်လိုမှ ပြောပါ့မလား လို့ . . .

"ကျွန်တော်လဲ အမရာ့ဆီလာခဲ့မှာပါ" ဟု သူက ဆ

သည်။





တစ်နေ့နေ့မှာ အနာဂတ်မှာ လက်တွဲဖော်တွေ ဖြစ်ချင်လဲ ဖြစ်သွားနိုင်တာပဲ မဟုတ်လား . . .။

ထွန်းက အမရာ့ကို နှစ်သက်သဘောကျတာ အမှန်ပါ။ ပြောဖို့ စောနေသေးတာ တစ်ခုတည်း။

သူက အချိန်ယူစဉ်းစားပြီး ခိုင်မြဲသောအချစ်ကို လိုချင်သူ။

✻ ✹ ✻



www.burmeseclassic.com

www.burmeseclassic.com

"သမီး . . . သမီးလေး ခခ"

မေမေ အဓော်ကြီး လာနှိုးတော့ . . . ခခ အိပ်မက်မက် တောင်းနေတုန်း။

တကာယ့်ကို စောစောစီးစီး . . .

မိုးမလင်းတလင်း . . .

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှင်းတွေက ထူပိတ်စွာကျနေတာမို့ ချမ်းလည်းချမ်းသည်။

"ဩည့်သည် ရောက်နေတယ်"

"ရှင်"

မေမေ့စကားက အံ့အားသင့်စေလိုက်တာ။

ဘယ်က ဩည့်သည်လဲ . . .။ ဘယ်သူက အဲဒီလောက် စောစီးစွာ ရောက်လာတာလဲ။

ဖုန်းမဆက် ဘာမဆက် . . .

"ခ ဩည့်သည်"

"ဟုတ်တယ်သမီးရဲ့ . . . သွားသွား မျက်နှာသစ်တော့လေ . . ."

ခခက အိပ်ရာပေါ်က ဆင်းပြီး ဆွဲယ်တာ အင်္ကျီကလေးကို ကောက်ယူဝတ်သည်။ ခေါင်းစွပ်ကလေးပါ ဆောင်းလိုက်သည်။

လက်ကလေးနှစ်ဖက် တင်းတင်းပိုက်ကာ . . . တစ်ချက် သမ်းဝေလိုက်သည်။

"မေမေ . . . ဘယ်သူလဲ"

မျက်နှာမသစ်၊ သွားမတိုက်ဘဲ ဆင်းတွေ့ရကောင်းမလား ပြန်တက်လာပြီး အိပ်လို့ရအောင် . . .။





"လူငယ်လေးတစ်ယောက်ပဲ . . . ချောတော့ချောသား၊ စကားပြောတာလဲ ယဉ်ကျေး ရည်မွန်တယ်။

"ဟင် . . ."

ခခ မျက်လုံးတွေ ပြူးကျယ်သွား၏။

ဟိုတစ်ယောက်များလား . . .

ဟုတ်မှာပါ . . . သူပဲရှိတာ . . . ခ ဆီ တခြားလာစရာ ဘယ်သူရှိလို့လဲ။

သည်လိုဆိုရင်တော့ မျက်နှာ မြန်မြန်သစ်မှ . . . ခခက အလျင်စလို ရေချိုးခန်းထဲ ဝင်လိုက်၏။

မေမေက ခခ ခုတင်ထက်က စောင်ကို ဆွဲယူခေါက်သိမ်းသည်။

သူ . . . မနက် မိုးလင်းလင်းချင်း ဘာလာလုပ်ပါလိမ့်။ နှင်းတွေကျပြီး အေးစိမ့်နေတာ . . . ဘယ်လောက် အိပ်ရာထဲ တွေးလို့ကောင်းသလဲ။ သူမို့ အစောကြီးထလာတယ်။ ဆယ်နာရီ လောက်မှ လာလဲ ရသား၊ ချိန်းထားတာလဲမဟုတ်၊ အရေးကြီး တာစွလဲ ရှိမှမရှိဘဲ။

မြန်မြန်မျက်နှာသစ်ပြီး ခခ ဆင်းလာခဲ့ပါ၏။

ဟောတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



ညြဲ့ခန်းမှာ ကျကျနနထိုင်စောင့်နေတာ တကယ် သူပါ
လား။

ခခကို နှစ်လိုစွာ ပြုံးပြသည်။

သူ့အပြုံးကဆွဲအားပြင်းပါသည်။ ထို့ထက်ပို၍ သူ့အကြည့်
တွေက ဆွဲအားပြင်းနေ၏။

ထို့ထက်ထို့ထက် ပိုလွန်၍ ခခ၏ ရင်ခုန်သံက ပြင်းထန်
လွန်း၏။

သူ့အကြည့်ကြောင့်လား ... သူ့အပြုံးကြောင့်လား ...
ဝီရိယကောင်းစွာ ရောက်လာသော သူ့သဘောထားကြောင့်
လား ...

"ခခ"

သူက အနားကို ထလျှောက်လာပြီး ...

ဂွတ်ဒ်မောနင်း ဟု နှုတ်ဆက်၏။

"အင်း"

ပြီးတော့ ... ဖဲကြိုးနုနုနှင့် လှပကြွရွစွာ စည်းနှောင်
ထားသော နှင်းဆီပန်းစည်းလှလှကို ပေးပါသည်။

အား ... မွှေးလိုက်တာ။





ခမ်းနားသော နှင်းဆီရနံ့တွေ

ချိုမြိန်သော နှင်းဆီရနံ့တွေ

လတ်ဆတ်သော နှင်းဆီရနံ့တွေ

"ရော့ ..."

အသည်းပုံသဏ္ဌာန် ချော့ကလက်ဘူး တစ်ဘူးပါ ပေး
လာ၏။

"ဘာလုပ်ဖို့လဲ"

"စားဖို့ပေါ့"

"ဒီပန်းတွေက ..."

"အမှတ်တရလေ ... သိမ်းထား"

ခခက နှင်းဆီပန်းတွေကို မြတ်နိုးစွာနမ်းရှိုက်မိခိုက် ...
သူက ခဏလေးဟု ဆိုပြီး *Hand Phone* ကလေးနှင့် ဓာတ်ပုံ
ရိုက်လိုက်၏။

"ဟင် ... ရှက်စရာကြီး"

"ဆံပင်တွေတောင် မဖြီးရသေး ... ညဝတ်ခေါင်းစွပ်
ဝတ်ထားတာကလေး ..."

"လှလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ *Natural* (သဘာဝ) ပဲ . . ."

သူက ဟင်းနံ့ဖုန်းထဲက ဓာတ်ပုံကလေး ပြလာ၏။ နှင်း ပန်းတွေ ငုံမွှေးနေပုံက အသက်ဝင်လှသည်။

"ဓာတ်ပုံရိုက် တော်လိုက်တာ"

"မဟုတ်ပါဘူး၊ ခခက *Photo genic* (ဓာတ်ပုံစား)ဖြစ် ပါ။ အရမ်းလှတယ်။

နှစ်ယောက်သား တီတိုးရယ်မိသည်။

ရယ်သံတွေက ပေါင်းစည်းသွားပြီး နှင်းတဖွဲဖွဲကျနေသေ မနက်ခင်းက ရင်ခုန်စရာကောင်းလွန်း၏။

"ကျွန်တော် ရောက်လာမယ်လို့ မထင်ဘူးလား"

"ဟင့် အင်း . . ."

"အံ့ဩသွားလား"

"အင်း . . ."

"လာရကျိုးနပ်သွားပြီ"

"ဘာလို့"

"ခခအတွက် အမှတ်တရ ဖြစ်သွားပြီလေ"

ဟုတ်သားပဲ . . . သည်ဆောင်းမနက်ခင်းကို ခခ အ မှတ်မိနေတော့မှာ . . . သိပ်သေချာသည်။





"ကျွန်တော်က အရမ်း အိပ်ရာထရမှာ ပျင်းတယ်။ မိုးတွေ ရွာနေရင် . . . ကျောင်းမတက်ဘဲ အိပ်ပစ်တတ်တာ။ နှင်းတွေ ကျနေရင် စောင်ခြုံထဲမှာ ကွေးနေရော၊ တော်တော်နဲ့ နိုးမရဘူး။ အိပ်ရာထဲမှာနေရတာ ကြိုက်တယ်။ နိုးလဲ မထချင်သေးဘူး။

တူလိုက်တာ . . . ခခလိုလူလဲ နောက်တစ်ယောက်ရှိသား မထင်ထားတော့ အံ့ဩမိ၏။ ခခလဲ သူ့လိုပဲ မနက်စောစော အိပ်ရာမထတတ်ပါ။

"ခခ"

"ဟင်"

"တစ်ခုခုသွားစားမလား . . . ကျွန်တော်ကျွေးမယ်။

"ကောင်းသားပဲ"

ခခက အကျီလဲဖို့ လှည့်ထွက်သည်။ ပြီးမှ သတိရကာ လှည့်မေး၏။

"ဪ . . . ပန်းစည်းနဲ့ ချောကလက်က ဘာအဓိပ္ပါယ် သဲဟင်" တဲ့။

"ပြောပြရမလား"

"ပြောပေါ့"

"နောက်မှ"



www.burmeseclassic.com

www.burmeseclassic.com



ထွင့်က အိုက်တင်ခံနေ၏။

မနက်စောစော သူမကို မြင်ရတာ ... သူ ဘာလို့ အဲ
လောက် ပျော်မိသလဲ မသိပါ။

ပကတိ အဖြူရောင်လို ရိုးသားနေသော သူမပုံစံ ဟန်ပန်
ကလေးက ဖမ်းစားလွန်းတာလား။

ဘုရားစူး ... တကယ်ပါ။

သည်လို ဝိရိယကောင်းစွာ ဘယ်ကောင်မလေးဆီကို
မသွားခဲ့ဖူးပါ။ သူ့နှလုံးသားက အသစ်စက်စက် ... အသစ်
စက်စက်နှလုံးသားကို ရင်းရတာ၊ စတေးရတာ ... မတန်
လိုက်တာ။

သူ့အချစ်ဦးဦးဖျားဖျားက ခခ၏ခြေရင်းမှာ ဝပ်စင်းခဲ့ရပြီ
လား ...။

ခခ ... မင်းကို ကိုယ်အနိုင်ရမှ ဖြစ်မယ်။ ရှုံးလို့မဖြစ်ဘူး။
ကိုယ် ပေးဆပ်ခဲ့ရတာတွေ သိပ်များနေပြီ။

ထွင့်၏ မျက်လုံးများက စူးရှနက်ရှိုင်းလွန်းလှပါသည်။

တစ်ခါတလေ ... ထိုမျက်လုံးတွေကို ခခ ကြောက်လန့်
တုန်လှုပ်မိသလိုပင် ...

ချိုမြိန်သယောင်ယောင်နှင့် အေးစက်စက်နိုင်လွန်းလှတာ





"ဒီလို ဖြုန်းစားကြီးပြောလို့ မသင့်တဲ့ စကားမို့ပါ"

ခခက ဘယ်လိုနားလည်ယူဆရမလဲ ...

"ပြီးစလွယ် မပြောချင်ဘူး"

သူက ထင်ထားတာထက်လဲ ပိုပြီး လေးနက်နေပြန်သည်။

ခမ်းနားသန့်ပြန့်တဲ့နေရာတစ်ခု ... ဖြစ်နိုင်ရင် ဂီတသံ
ချိုကလေးနဲ့ အရမ်းသာယာကြည်နူးစဖွယ် မြင်ကွင်းတွေနဲ့
ဒီလိုနေရာမျိုးမှာ သေချာအချိန်ယူပြီး အေးအေးဆေးဆေး
ပြောချင်တယ်"

ခခက ပင့်သက်ဖွဖွရှိုက်သည်။

"ဘယ်လိုနေရာမျိုးကို ခခကြိုက်သလဲ၊ ပြောကြည့်လေ...
ကျွန်တော်ကြိုတင်ပြင်ဆင်ထားဖို့ ..."

ထွင့်က တီးတိုးရယ်သည်။

ရည်းစားစကား နားထောင်ဖို့ပဲ ကျွန်မက ဘယ်နေရာမှ
ပေါ်ရှင်ရယ်လို့ နေရာရွေးပေးရမှာလား။

"ဟိုတယ်တစ်ခုခု ... ဒါမှမဟုတ် အပျော်စီးသင်္ဘော၊
ဒါမှမဟုတ် ... ကမ်းစပ်ဘေးနားက ဆိုင်ကလေးတစ်ခုခု၊
ဒါမှမဟုတ် ညဘက် လရောင်အေးအေး ... ခြံကျယ်ကြီး
ထဲက မြက်ခင်းနုနုကလေးဘေးက ခုံဖြူဖြူပေါ်မှာ ... ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် မိုးတွေ တဝုန်းဝုန်း ရွာနေတုန်း ကားကလေးထဲမှာ ဒါမှမဟုတ် အဆင့်မြင့်ရုပ်ရှင်ရုံကြီးထဲမှာ သီးသန့်နှစ်ယေ ထိုင်ခုံနဲ့ ရုပ်ရှင်ကြည့်နေတုန်း . . . ဒါမှမဟုတ် . . . ”

“အိုး . . . တော်ပါတော့ . . . အရမ်းများသွားပြီ မစဉ်းစားတတ်တော့ဘူး။

ထိပ်ထား ခခက လက်ကလေး ကာပြသည်။ ဘ ထူးဆန်းမှန်းမသိ။

ခခ ရင်ခုန်မြန်အောင် တမင်ပြုစား ကျီစယ်နေတာ ဒါမှမဟုတ် . . . အိုး . . . ဒါမှမဟုတ်က လောလော သူ့စကားလုံး . . .

“မြန်မြန်ဆင်းလာခဲ့ . . . ဗိုက်ဆာနေပြီ”

“အင်း . . . အင်း”

ထိပ်ထား ခခ အပေါ်ထပ်ကို တက်လာပြီး အကျီ သူ့အကြောင်း တွေးမိပါသည်။

သူနှင့် ခခက ရင်းနှီးမလိုလိုနှင့် စိမ်းသက်သက်။ မလိုလိုနှင့် အေးစက်စက်။ ပွင့်လင်းမလိုလိုနှင့် လျှို့ဝှက်ဝှ

ဆန့်ကျင်ဘက်ကြီး ခံစားရသည်။





ရုတ်တရက် အရမ်းပျော်ရတော့မလိုလိုနှင့် ဖြန်းစားကြီး ကြွကွဲစရာ ကောင်းချင်သည်။

ခံစားမှုက တစ်ခုတည်းမဟုတ် . . . ရောနှောနေသည်။ ရောနှောနေတာကလည်း တစ်မျိုးတည်းမဟုတ်။ ဆန့်ကျင်ဘက် ရောနှစ်ခု . . . ကြည်လင်နေသော ကောင်းကင်ကို ခံစားမိ လိုနှင့် မော့ကြည့်လိုက်တော့ တိမ်စိုင်တိမ်လိပ်တွေ တရွေ့ရွေ့ ဘွားခနဲ တွေ့ရသည်။

နားလည်ရခက်သော လူတစ်ယောက်ကို ရင်ခုန်မိသော ၏အဖြစ်က မလွယ်။

ပဟေဠိမဆန်ပါနဲ့ ထွင့်ရယ်။

စိတ်တံခါးကို ဟင်းလင်းဖွင့်ပြီး ရိုးသားစွာ အရှိအတိုင်း ားကြရအောင် . . .

ခခက ပင်ကိုပကတိ အဖြူရောင်မို့ပါ . . .

ဘယ်သဏ္ဌာန်က အမှန်တရားလဲ . . .

ခခ သိချင်သည်။

* ✹ *



www.burmeseclassic.com

www.burmeseclassic.com

"ခခက အရမ်းချစ်ဖို့ကောင်းတာပဲ"

"အင်"

နဖူးချင်း ပြုန်းခနဲတိုက်ကာ ဆိုလာတော့ . . . လန့်ဖျပ် [illegible]ခုန်စွာ နောက်ဆုတ်ရင်း . . . မျက်နှာကလေး ရဲတွတ်သွားသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်စိတ်တွေ အရမ်းလှုပ်ရှားနေတယ်။ ဘာလို့ မသိဘူး"

ခခ လက်ကလေးကို လက်ဖမိုးကနေ ဖျတ်ခနဲ ဆွဲ ဆုပ်ထွေး သူ့ရင်ဘတ်မှာ ကပ်စေပြီး တုန်ခိုက်လေးနက်သော အသံနှင့် မေးလာ၏။

အိုး . . . တကယ်ပါပဲလား . . .

သူ့ရင်ခုန်သံကြီးက . . . ဒုန်းဒုန်းနှင့် ကျယ်လောင်စွာ မြည်ဟည်းနေပါသည်။

ရင်ခုန်ရင် အချစ်လား . . .

"ခခ လက်တွေ အေးစက်နေပါလား"

အိုး . . . ဟုတ်ပါရဲ့။

ခခလည်း တဆတ်ဆတ် ရင်ခုန်နေပါသည်။

"မအေးပါဘူး . . . ရှင်ထင်လို့ပါ"

"ခခ ညာတတ်တယ်"

"မညာပါဘူး"

မျက်နှာကလေး ထူပူအနေခက်စွာ ခေါင်းယမ်းမိသည် သိရင်လည်း မသိချင်ယောင် ဆောင်နေရောပေါ့ . . . ဘာ ဖွက်အတင်း ဝန်ခံခိုင်းရတာလဲ။ ခခ ရှက်မှာ သူတွေးသင့်သည်





မျက်စောင်းကလေးရွယ်ကာ သူ့လက်တွင်းက ကိုယ့်လက် လေးကို ခခ ရုန်းမိသည်။

အချစ်ဟာ ဘယ်အချိန်ကများ နှလုံးသားထဲ တိတ်တိတ် လေး လျှို့ဝှက်စွာနေရာယူ ခိုအောင်းနေခဲ့သလဲ မသိတော့ပါ။

ခခ တကယ်ပဲ သတိမထားမိခဲ့။

* ✹ *



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းသံမြည်လေတော့ . . . ခခဆီကများ ဖြစ်မလားဟု သူ့ရင်ထဲမှာ ဖြုန်းခနဲ နွေးသွားရပါသည်။ သို့သော်သူထင်ထားသလို ခခ မဟုတ်ပါ။ အမရာပါ။

"ထွန်း . . . ကိုထွန်းရို"

"ဟုတ်တယ် . . . အမရာပြောလေ"

"ဖုန်းသံမကြား ဘာမကြားနဲ့ အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ထွင့်က အမရာမေးတာကို မဖြေဘဲ နှုတ်ဆိတ်နေမိ၏။ ကိုယ့်အပေါ် နွေးထွေးစွာ ဂရုတစိုက်နှင့် မေးမြန်းဖော်ရသော မိတ်ဆွေ . . .။

"ကျေးဇူးပဲ"

သူ့အသံက လေးနက်နေပါသည်။

"အမရာက စိတ်ပူနေတာ"

"ဩော် . . ."

"ကိုထွင့်က အရမ်းကြေကွဲနေတယ်လေ ... အထီးကျ
လဲ ဆန်နေမှာပဲ"

အမရာတွက်ဆတာ နှစ်မျိုးစလုံး မှန်ပါသည်။

"ညက သော်တာ့ကို အိပ်မက် မက်လို့ပါ"

"ဟုတ်လား . . ."

"သော်တာက သူ့အစ်ကိုကို ဂရုစိုက်ပေးပါ တဲ့"

ထွင့် ခဏတော့ ငြိမ်ကျသွားရပါသည်။

တကယ်ပဲ အိပ်မက် မက်တာလား။

တမင်လုပ်ကြံပြောတာလား။





ဘာပဲဖြစ်ဖြစ် . . . ထိုစကားက သူ့ရင်ထဲကို စိုက်ဝင်သွားစေသည်။

"သော်တာက သူ့အစ်ကိုကို သိပ်နှမြောတာ။ သူ့အစ်ကို
ပြီး ရည်းစားရသွားတော့ သူ့ကို ဂရုမစိုက်တော့ဘူးဆိုပြီး . . .

အမရာက တိုးသဲ့သဲ့ရယ်သည်။

ဘယ်လိုပဲ ဖြစ်ဖြစ်ပါ . . .

ဖုန်းဆက်ဖော်ရတာ . . . ဂရုတစိုက်ရှိတာ . . .

အားလုံးကျေးဇူးတင်စရာပါ။

"အမရာလာမှ စားချင်တာ ချက်ကျွေးမယ်၊ သွားချင်တဲ့
နေရာ အတူတူသွားကြမယ်လေ . . ."

"အိုကေ . . . မြန်မြန်လာလေ"

ထွင့်က လက်ခံတိုက်တွန်းလာပါသည်။

အမရာသာ သူ့အနားမှာ . . . တွယ်ကပ်စွာ ရှိနေခဲ့ပါရင်
ခံထားဆိုသောမိန်းမအပေါ် သူ လက်စားချေ တုံ့ပြန်ဖို့
အခွင့်အရေး ရချင်မှ ရမှာပါ။ အမရာက ကာဆီးကာဆီးနှင့်
နှတားနေဦးမှာလား။

အမရာ သူ့အနားမှာ မရှိလို့သာ ထူးတဲ့ဒီအခွင့်အရေး
ဘ . . .။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မင်းအတွက် ထိုက်သင့်တဲ့ဆုပါပဲ။ မင်း ပြန်ပေးဆ
သင့်ပါတယ် ထိပ်ထား။

အလိုက်မသိ ရင်ခုန်တတ်တဲ့ နှလုံးသားကို ကိုယ်ဆုံး
ပါ့မယ်။

နောက်ဆုံး ကိုယ်အသည်းနာရမယ်ဆိုရင်တောင် မင်း
လက်တုံ့ပြန်မှာပဲ။

လုံးဝ ခွင့်မလွှတ်ဘူး။

လုံးဝ နောက်မဆုတ်ဘူး။

✻ ✺ ✻



မောင်နှင့်သွားရမည့် လမ်းခရီးမှ . . . လှလှပပကလေး
ဖြစ်အောင် စိတ်ရှည်ရှည်နှင့် ပြင်ဆင်ခြယ်သပြီးခါမှ မောင်က
နှုန်းဆက်လာပါသည်။

"ခခ . . . မောင် နောက်ကျမယ် တဲ့"

"ဟင် လုပ်ပြီ၊ ရုပ်ရှင်ပွဲချိန်မီအောင် လာမယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကလေးစူပြီး မေးမိ၏။

"လာမှာပါ"

"ခခ စောင့်နေပါ့မယ်"

"အိုကေ"

ရှင်မောစွာနှင့် ခခ ထမင်းစားမိ၏။

မောင်နှင့် အပြင်မှာစားဖို့စိတ်ကူးထားတော့ ... အိမ်မှာ ထမင်းစားရတာ ... စားမဝင်၊ စားမမြိန်၊ စားမကောင်း တော့ပါ။

မောင့်အပေါ် နားလည်ပေးဖို့ ခခ ကြိုးစားလိုက်ပါသည်။ အလုပ်ကိစ္စကြောင့် ထွက်လာလို့မရတာဘဲ မဟုတ်လား။

ခခ ဘာတတ်နိုင်မှာလဲ ...။

တော်တော်ကလေးကြာအောင် ... စောင့်နေပြီးတော့ မောင်က ဖုန်းထပ်ဆက်သည်။

"ခခ ... မောင် လာမကြိုဖြစ်တော့ဘူး၊ ရုပ်ရှင်ရုံရှေ့ ခခ ထွက်လာခဲ့ကွာ" တဲ့။

ဟွန့် ... လုပ်ပြီ ...

မကျေနပ်ပေမယ့် ခခ စောဒကမတက်ပါ။





ရုပ်ရှင်ရုံရှေ့မှာ မောင့်ကို သွားစောင့်သည်။

ရုပ်ရှင်ပြဖို့ ဆယ်မိနစ်အလိုအထိ ... မောင်က ရောက်မလာပြန်။ ခခ လှည့်ပြန်ရမလား ... ဖုန်းဆက်ရမလား ... စဉ်းစားတုန်းပဲ မောင်က ဖုန်းဆက်ပါသည်။

"လက်မှတ်တစ်စောင်ပေးခိုင်းလိုက်မယ် ... ခခ ဝင်နှင့် ကွာ၊ မောင်လာခဲ့မယ် တဲ့"

တစ်မျိုးပြီးတစ်မျိုးပါလား။

ခခကလဲ ခေါင်းမာတယ်ပဲ ခေါ်မလား ... ရုံရှေ့လဲ ရောက်ပြီးမှ လှည့်မပြန်ချင်။

"ပြီးရော ... ပြီးရော"

ချာတိတ်ကလေးတစ်ယောက် လာပေးသော လက်မှတ် တစ်စောင်နှင့် ခခ ရုံထဲဝင်လာခဲ့၏။ ရုပ်ရှင်က ပြတောင်ပြနေ ပါပြီ။

တစ်ယောက်တည်း ပင့်သက်ရှိုက်ကာ ထိုင်မိရင်း မောင့်ကို စောင့်မိ၏။

မောင်က ရောက်မလာပါ။

အချိန်တွေသာ တရွေ့ရွေ့ ကုန်လွန်သွားခဲ့တာ။ ခခဘေး မှာ ခုံလွတ်ကလေးက လှောင်ပြောင်သရော်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပါးပေါ် မျက်ရည်တွေကျလာပြီး ခခ ရှိုက်ထဲက ထွက်လာ ခဲ့၏။

မောင့်ဆီ ဖုန်းခေါ်မိ၏။

ဖုန်းက ခေါ်မရ။

ဘယ်လိုဖြစ်ရတာလဲ။

ဒါ တမင်နှိပ်စက်အနိုင်ယူတာလား . . . မောင်။

ခခရဲ့ စိတ်ရှည်နိုင်တဲ့စွမ်းရည်ကို စမ်းသပ်နေတာလား

မောင့်အပေါ် ဘယ်လောက် အနွံအတာ ခံနိုင်လဲ . . . သိချင်နေတာလား။

ဘာပဲဖြစ်ဖြစ်ပါ မောင်ရယ် . . .

ခ နှလုံးသားက အရမ်းထိလွယ် ရှလွယ် ဝမ်းနည်းအားငယ် တတ်ပါတယ်။

မောင်မကျီစယ်ပါနဲ့ . . .

ဖုန်းခေါ်မရတော့ ခခ အိမ်ပြန်လာခဲ့၏။

ခခ၏ စိတ်ပျက်လက်လျှော့ မျက်ရည်တွေနှင့် ပုံစံကလေး ကို ခပ်လှမ်းလှမ်းကကြည့်ကာ ထွန်း ကျေနပ်စွာ ပြုံး၏။

သည်လောက်ဆို လုံလောက်ပြီ။





ခခ သူ့အပေါ် တကယ်ပဲ သက်ဝင်မြတ်နိုးနေခဲ့ပြီ။

သူ တွက်ဆထားသလို ဖြစ်လာခဲ့ပြီ။

ဒီလိုပဲ ဖြစ်ရမှာပေါ့ . . . ခခရာ။

မင်းအလှည့်ဆိုတာလည်း ရှိရဦးမှာပေါ့။

✱ ✹ ✱



www.burmeseclassic.com

www.burmeseclassic.com

သူ ဖုန်းကို ပိတ်ထားလိုက်သည်။ အိမ်ဖုန်းလည်း မကိုင်။

တောင်းပန်စကားပြောဖို့ ဝေလာဝေး။

ချော့မော့ဖို့ဆိုတာ မဖြစ်နိုင်။

သည်အတိုင်း ပစ်ထားလိုက်၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခခသဘောကို သည်ထက်ပိုပြီး သိချင်၏။ သူ့အ...
ဘယ်လောက်ချစ်သလဲဆိုတာ . . . သူ့အကြောင်းတွေ...
တစ်ချိန်လုံး . . . ခခ အတွေးထဲမှာ တရစ်ဝဲဝဲ ရှိနေအေ...
သူ ဖန်တီးထားတာပါ။

အချစ်ရဲ့ ပူလောင်ခြင်းကို . . . မြည်းစမ်းကြ...
စေတော့ . . .

သူ့အပေါ် တကယ်နှစ်သက်မှ . . . သူ့တုံ့ပြန်မှုက အ...
သက်ရောက်မှာ . . . ။

* ✹ *



သူ့ဘက်ကချိန်းပြီး . . . သူကိုယ်တိုင် မရောက်လာခဲ့ပါ။
...ီးတော့ တောင်းပန်စကား တစ်ခွန်းမဆို၊ ချော့မော့နှစ်သိမ့်
...အာပင် မလုပ်။

ထွင့်ကို ခခ အရမ်းစိတ်ဆိုးမိသည်။ တမင်လုပ်မှန်း
...မိသည်။

ဘာလို့လုပ်သလဲဆိုတာ တွေးမရ။ ခေါင်းတွေပဲ ပူလာ...
...ည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရင်းကို ရှာမတွေ့။

ခခကို စိတ်အနှောင့်အယှက်ဖြစ်အောင် တစောင့်စောင့် သောကရောက်အောင် . . . ပြီးတော့ တနန့်နန့်နှင့် တနင့်နင့်ခံ ရအောင် . . . ဝမ်းနည်းပြီးမျက်ရည်ကျအောင် ဘာလို့လုပ် ခခ တကယ်မသိခဲ့ပါ။

အရှမ်းနားလည်ရ ခက်သွားပြီ။

သူ့သဘောထားက ဘယ်လိုကြီးလဲ . . .

ခခရဲ့ကြံ့ခိုင်မှု၊ သည်းခံမှုကို စမ်းသပ်နေတာလားဟင် . . .

ဖုန်းဆက်ဖော်ပင်မရ။

BURMESE CLASSIC

လူလည်း ရောက်မလာ။

ခခရင်ထဲမှာ သူနှင့် အလှမ်းဝေးကွာသွားသလို ထ သည်။

သူ့ကို စိတ်ကောက်ဖို့ပင် အားမရှိတော့သလိုပါ။ သည် ခဏခဏလုပ်လျှင် ခခ အရည်ထူပြီး သွေးအေးသွားလိမ့်မ သူ့အပေါ် ယုံကြည်မှာ မဟုတ်တော့ပါ။

သူ့ဆီ ဖုန်းမခေါ်ဘဲ ခခ နေကြည့်သည်။ ဖြေရှင်းချင် တွေ၊ မေးချင်တာတွေ ရန်တွေ့ချင်တာတွေ အားလုံး ရှ မျိုချပစ်သည်။





သူဟာ အဲဒီလိုလူဆိုရင် . . .

သည်လိုအဖြစ်မျိုးဟာ မကြာခဏ ရင်ဆိုင်ရမည့် ကိစ္စ ခဲ့ပါ။

သူနှင့် ချစ်သူဖြစ်နေမှတော့ . . . ခံနိုင်ရည်ရှိအောင် ကြိုးစားရုံပဲပေါ့ . . .။

တစ်နေ့နေ့ တစ်ချိန်ချိန် ရှင် ခခ့ရှေ့ကို ရောက်လာဦးမှာပါ။ ဆက်လာမှပဲ ပြောချင်တာတွေ ပြောတော့မည်။

သူ့ဆီ ဖုန်းခေါ်ဖို့ လုံးဝမကြိုးစားတော့ပါ။

ရှင်က သည်နေရာမှာ ရပ်ချင်တယ်ဆိုလဲ ပြင်ဆင်မထား မယ့် ဖြစ်သလိုရပ်ပြီး နေရစ်ရဲအောင် ကြိုးစားရပါမည်။

✻ ✺ ✻



www.burmeseclassic.com

www.burmeseclassic.com

ငါးရက်မြောက်သောနေ့မှာ . . . ထွင့်က ခခဆီဖုန်းဆက်ပါသည်။

ဟဲန်းဖုန်းကိုကြည့်ပြီး . . . လိုက်ခနဲ ပျော်သွားမိသူက ခခပါ။

အရှုံးကြီးရှုံးပါပြီ။

သူ့ဘက်က ဖုန်းခေါ်သံကလေးကို သည်လောက်ထိ ဝမ်းသာမိတာ . . .

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လှိုတ်လှိုက်နင့်နင့်နှင့် မျက်ရည်ပင် လည်မိသလိုပင် . . .

ထွင့်မျှား မဆက်တော့ဘူးလားလို့ . . . အားလုံး အဆုံး

သတ် ရပ်တန့်သွားပြီလားလို့ ယူကျုံးမရ ဖြစ်နေမိတာပါ။

ဖုန်းက . . . တစ်ချက် နှစ်ချက် သုံးလေးချက် မြည်ပြီး

ရပ်သွား၏။

တမင်မထူးတာ မဟုတ်ပါ။

ထူးရမလား . . . ဘာပြောရမလဲ . . . စိတ်ကောက်

သင့်လား။ ဘာမှမဖြစ်သလို ဟန်ဆောင် ပန်ဆောင် ဖြတ်သန်း

ရမလား။ ဝေခွဲမရ။ တွေဝေနေမိပါသည်။

ရုတ်တရက် ဆုံးဖြတ်မရ။

ဘာမှမဖြစ်သလို မျိုချကြိတ်မှိတ်ခံစားလိုက်ရင် နောက်ဆို

သူ အမြဲ . . . အဲဒီလို လုပ်တော့မှာလား . . . ခခက ရန်တွေ့

စိတ်ကောက်ရင်ကော သူက ဘယ်လိုတုံ့ပြန်မှာလဲ။ ခခက နက်နဲ

သိပ်သည်းစွာ ချစ်မိသူပါ။ သူနှင့် လမ်းမခွဲနိုင်ပါ။

ထပ်တစ်ကြိမ်ဖုန်းမြည်လာတော့ . . . ခခက ဖွင့်နားထောင်

လိုက်ပါသည်။





"ခခ . . . ကျွန်တော် ခြံရှေ့ရောက်နေပြီ။ အိမ်ထဲဝင်လာ

မလား . . . ထွက်လာမှာလား . . . ပြော" တဲ့။

ခခက ပင့်သက်ရှိုက်သည်။

ထွင့်ရယ် . . .

အချစ်မှန်းသိလို့ တမင်အနိုင်ယူတာလား ဟင် . . .

ဘာလို့ ချိန်းပြီး အလေးအနက်မထားရတာလဲ။

"ခခ"

သူက အသံခွဲပြီး ခေါ်သည်။

"ကျွန်တော့်ကို စိတ်ဆိုးနေတာလား"

"စကားမပြောချင်တော့ဘူးလား"

နူးညံ့သောအသံနှင့် တောင်းပန်လာ၏။

"အဲဒီနေ့က တကယ့်ကိုမအားလို့ပါ . . . *Sorry* ပါ ခခ

ယ် . . .။ ကျွန်တော် အရမ်းအားနာပြီး လာမတွေ့ရဲဘူး၊

နှုန်းမဆက်ရဲဘူး။ ယုံပါ . . . နားလည်ပေးပါ"

ခခက ပါးပြင်ပေါ် ကျလာသော မျက်ရည်ပူတွေကို သုတ်

င်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အရမ်းသတိရတယ်။ လွမ်းတယ်၊ နေလို့မ
တော့ဘူး"

ခခက နှုတ်ခမ်းလေး ကိုက်ထားမိ၏ . . . ငိုနေတာ မ
စေချင်။

ထွဋ်က သက်ပြင်းမောရှိုက်ရင်း . . . ခခ စိတ်ဆိုးမပြေ
စိုးရိမ်မိ၏။

ခခကို ရင်ထဲက လှစ်ဟာစွာ သတိရမိတာ တကယ်ပါ

သူ ဘာလို့ ခခကို သည်လောက်အထိ တွယ်ငြိသက်
သွားမိသလဲ။

ရင်ထဲမှာ အတိုင်းမသိသနားသည်။ ကရုဏာသက်မိသည်
သူ့ရည်ရွယ်ချက်တွေ. . . ခဏတစ်ဖြုတ်ပျောက်ဆုံးကုန်သည်
ခခကို တွေ့ချင်စိတ်က ပြင်းပြင်းပြပြ။

ခခ စိတ်နာသွားမှာ . . . မချစ်တော့မှာ အရမ်းကြောက်
သည်။ ဘာတွေမှားသွားပြီလဲ . . .။

သူကဖြင့် သူ့အစီအစဉ်နှင့်သူ . . .

ခခကို လှလှပပ လက်စားချေတုံ့ပြန်ဖို့ပါ။

မထင်မှတ်ဘဲ သူ့နှလုံးသားက မိုက်မဲစွာ ကျရှုံးသွားပြီလား





မတွေ့ရ မနေနိုင် ဖြစ်မိတာ တကယ်ပါ . . .။ ခခကို
အမင်နိုင်စက်ပြီး ဖုန်းမဆက်ဘဲ အဆက်အသွယ်ဖြတ်ထားတာ
အမှန်ပေမယ့် သူ့နှလုံးသားလည်း နာကျင်ကြေကွဲရပါသည်။

"နောက်မှ ပြန်ဆက်လိုက်ပါ"

ခခက အတိုဆုံးပြောပြီး ဖုန်းပိတ်ပစ်လိုက်ချော့ . . .
သူ နေမရ ထိုင်မရမှုလောင်ဟာယာခတ်စွာနှင့် . . . တစ်နေ့နေ့
ဆေးကြရမှာပါ။ ကျိန်းသေ လက်တွဲဖြုတ်ရမှာကို သိသိနှင့် ရင်ထဲ
မှာ . . . လှုးနေသည်၊ ခါနေသည်၊ အဖြစ်သည်းနေသည်။

သူနှင့် ခခ တစ်သက်လုံးလက်တွဲသွားလို့မရ ပေါင်းဖက်လို့
မရ သူ ဘာလို့ ခုလောက်အထိ ပြင်းထန်စွာခံစားနေမိသလဲ။

သူ့နှလုံးသားက ခခအချစ်မှာ နစ်ဝင်မျောပါသွားခဲ့ပြီလား။

✻ ✹ ✻



www.burmeseclassic.com

www.burmeseclassic.com

ဟဲင်းနဲ့ဖုန်းကို စက်ပိတ်ထားလိုက်ပေမယ့် အခန်းပြတင်းသိုက်ကာကို ပုန်းလျှိုး ကွယ်လျှိုး မရဲတရဲလေး အသာဟကာ ကြည့်မိတာက . . . နှလုံးသားက သူ့ဘက်မှာမို့ပါ။

သူ့အပေါ် ခခ မတင်း . . . မရနိုင်။

ဒါဟာ ဘယ်လိုဝဋ်ကြွေးများလဲ . . . ။

သူက ကားရပ်ပြီး ကားဘေးနားမှာ ထွက်ရပ်နေပါသည်။ န်းလဲ သဲသဲမဲမဲခေါ်နေတုန်း . . .

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခခ ပင့်သက်ရှိုက်မိ၏။

သူ့ကိုငေးကြည့်ကာ မျက်ရည်က ပါးပြင်ပေါ် ကျလာဖြ
သည်။

လူကို အရှုးလုပ်ပြီးမှ . . .

ဂရုမစိုက်ဘဲ နေပြီးမှ . . .

ခုမှ ဘာလို့ လာဒုးထောက်အညံ့ခံနေရတာလဲ . . . ခ
မုန်းတယ် သိလား။

နေနိုင်သားပဲ မဟုတ်လား။

ချိန်းထားပြီး ရောက်မလာဘဲလဲ နေနိုင်တယ်။

ရောက်မလာတဲ့အတွက် ဖုန်းဆက်ပြီး တောင်းပန်စကာ
တစ်ခွန်းမပြောဘဲလဲ နေနိုင်ခဲ့တယ်။

ခခ ရှင့်ကို သိပ်ကြောက်တာပဲ။

ရှင် နေနိုင်ခဲ့တဲ့ ငါးရက်မှာ . . . ခခဘက်က စက္ကန့်တိုင
မိနစ်တိုင်းကို ခဲယဉ်းစွာ၊ ဝမ်းနည်းစွာ၊ နာကျင်လွန်းစွာ အံကြိ
ဖြတ်သန်းရတာ ရှင် ကိုယ်ချင်းမစာတတ်ဘူး။

သူ့ဆီပြေးသွားချင်တဲ့ ခြေလှမ်းတွေကို အနိုင်နိုင်ထိန်းချု
ကာ ကြမ်းပြင်ပေါ် ထိုင်ချ ငိုကြွေးမိ၏။





ရင်ထဲမှာနေသာသွားအောင် အားပါးတရငိုချလိုက်သည်။

အခုလောလောဆယ် သူ့ကိုမတွေ့ချင်။

သူ့ရင်ခွင်ကို ယုံကြည်မှုကင်းမဲ့နေကာ ရင်ထဲမှာ လစ်ဟာ
နေး၏။

"ရှင် . . . သိပ်ရက်စက်တာပဲ"

တစ်ယောက်တည်း ဗလုံးဗထွေးဆိုမိ၏။

ရှင့်အပေါ် ဘာတွေလုပ်ခဲ့လို့ ခခနှလုံးသားကို နာကျင်
နည်းအောင်လုပ်ရတာလဲ ထွင့်ရယ် . . . ဘာသဘောလဲ။

အပြစ်တွေအများကြီးလုပ်ပြီးမှ လာတောင်းပန်နေတော့
ဘယ်လိုလုပ်ရမှာလဲ။

ခခနှလုံးသားက ရှင်နဲ့ပတ်သက်လာရင် . . . သိပ်ကို နူးညံ့
ပျောင်းလွန်းပါတယ်၊ တစ်စက်ကလေးမှ မာနမထားနိုင်ဘူး၊
းမထားနိုင်ဘူး။

ခခအချစ်တွေကို ရှင်သိလာလေလေ . . . ရောင့်တက်
လေ ဖြစ်မှာဖဲ။

✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com

အကြာကြီးစောင့်နေပေမယ့် ခခက တကယ်ပဲ ဆင်းမလာ ပါ။ သူ လက်လျှော့ပြန်ခဲ့ရသည်။

ကစားပွဲတစ်ခုကို အေးစက်စွာ ကစားနေသော သူ တစ်ဘက်နှင့်မတူဘဲ . . . သူ့ ပျာယာခတ် ပူလောင်စွာ နေမရ၊ ထိုင်မရ . . .။

ထိပ်ထားခခက သူ့ချစ်သူအစစ်လား . . . မဟုတ်ပါ။

ဉာဏ်ဒင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ ရည်ရွယ်ချက်နှင့် ချဉ်းကပ်ပြီး . . . ချစ်ချင်ယေ
ဆောင်နေရတာ။

အဲဒီအပေါ် သူ ဘာလို့ သည်လောက်အထိ ခံစားေ
တာလဲ။

မဟုတ်သေးပါဘူးကွာ . . . ။

ကားမောင်းလာရင်း . . . သူခေါင်းယမ်းမိသည်။

ခခ စိတ်ဆိုးတော့ရောဘာဖြစ်လဲ . . . ခခ ဇရုမစိုက်ေ
ရော ဘာဖြစ်လဲ။

သူ ဘာကိုပူလောင်နေမိပါလိမ့်။

တစ်ခုခုတော့ မှားနေပါပြီ။

ခခအပေါ် သူ မလေးနက်သင့်ပါ။

သူ့ကိုယ်သူ အားမလိုအားမရဖြစ်မိသည်။

တစ်နေ့နေ့လဲ ခွဲရမှာပဲ . . . လက်တွဲဖြုတ်ရမှာပဲ . .
ဘယ်လိုအဆုံးသတ်မလဲဆိုတာ သူက သိပြီးသား . . . ။

ဒါနဲ့များ ရင်ထဲမှာ တုန်ခါလှိုက်မောစွာ ခခ . . .
ဖြစ်နေမိသေးသည်။

❋ ✺ ❋

ဉာဏ်ဝင်းစာပေ

"ခ . . . ခခ"

မောင့်ခေါ်သံကိုကြားချင်ပေမယ့် ခခ ပြန်မထူးချင်ပါ။

. . .င်က တစ်ခါတလေ သိပ်ဇွတ်တရွတ်နိုင်ပြီး နားလည်ရ
. . .သည်။

မောင့်မျက်လုံးတွေက နက်ရှိုင်းလွန်းသည်။ ထိုအကြည့်
. . .၏ အဓိပ္ပါယ်ကို ခခ နားမလည်ပါ။ ဝေခွဲရခက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခ"

"ဘာလဲ"

လက်ပိုက်ရပ်နေပြီး ပြန်ထူးမိ၏။

"မျက်နှာသုတ်ပဝါကျန်ခဲ့လို့ ယူပေး"

"မယူပေးဘူး"

"ဟာ . . . မလုပ်ပါနဲ့ . . . မောင် ချမ်းနေပြီ။ လာ ခုတင်ပေါ်မှာ"

"မလာဘူး၊ မယူပေးဘူး"

"ဒါဆို . . . မောင် ထွက်လာရမလား"

ခခ မျက်လုံးပြူးသွား၏။

"ယူပေးမယ် . . . ယူပေးမယ်"

ပါးစပ်က တတွတ်တွတ်အော်ရင်း . . . လက်က ကယာ မျက်နှာသုတ်ပဝါ ကောက်ဆွဲယူမိ၏။ ပြော တကယ်ထွက်လာရင် အခက်သားပဲမဟုတ်လား။

"မောင့်ကို ယုံရင်လိုက်ခဲ့"

"ခခကိုခခ ယုံရင်လိုက်ခဲ့"





မောင့်စကားကို ခခယုံမိတာ မှားပြီလား။

သူ့အိမ်ရောက်တော့ ကော်ဖီသောက်ပြီး မောင်ကရေချိုးဦး တဲ့ . . .

ခခက မောင်တစ်ယောက်တည်းရှိသောအိမ်မှာမနေချင်။

စိတ်ဆိုတာ ဆန်းကြယ်သည်။

မောင်နှင့် ခခက ချစ်သူတွေပါ။

နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ခွင့်ရလျှင်-အာမဆို ဖြစ်သွားနိုင်သည်။ ခခ ရင်တထိတ်ထိတ်နှင့် ရေချိုးခန်း အနီး လျှောက်သွားမိ၏။

ခခချစ်သူမောင်က ကြမ်းတမ်းရိုင်းစိုင်းသူတစ်ယောက် မဟုတ်ပါ။ ခ ကိုလည်း အရမ်းချစ်သည်။

"ရော့ . . . ဒီမှာ"

"ဟား . . . ဟား . . . ဟား"

မောင်က တံခါးလေး အသာဟပြီး မျက်နှာသုတ်ပဝါ ဆိုင်ထားသော လက်ကလေးကို စူးစိုက်ကြည့်လိုက်သည်။ တံခါးကြားက လက်နုနုကလေးက ချစ်စရာ . . .။



www.burmeseclassic.com

www.burmeseclassic.com



ထွန်း ဘာမှစဉ်းစားမနေဘဲ … မျက်နှာသုတ်ပဝါ ကိုင်ထ
သော လက်ကောက်ဝတ်ကလေးကို ကိုယ်နှဆီ ပိုင်ပိုင်ဆွဲ
လိုက်၏။

“အိုး အမေ့ မောင်ဘာလုပ်တာလဲ … လွှတ် … လွှ
ဟင့်အင်း … ရေတွေစိုကုန်ပြီ မောင်”

ခခ၏ အလန့်တကြား ရှက်ရွံ့ထူပူစွာ အော်သံကလေး
သူ ဂရုမစိုက်နိုင်တော့ပါ။

သူသိတာက… ထိုအခွင့်အရေးကို လက်လွှတ်လို့မရ …

“မောင် … ဖယ် … ခခကို အဲဒီလို ဖွတ်တရွတ် အနိ
မကျင့်ပါနဲ့ … မောင်”

“ချစ်တယ် … ခခရယ်”

“ဟင့် အင်း မောင် … လွှတ်ပါ၊ ခခကို လွှတ်”

ထွန်းက လွှတ်ဆိုမှ … ပိုပြီး တင်းကျပ်စွာ ဖက်ထာ
သတိရသည်။

လွှတ်လို့ မဖြစ်ပါ။

သည်လိုနေ့ကို ရောက်ဖို့ စိတ်ရှည်စွာ၊ ဖွဲကြိုးစွာ သည်
စောင့်ဆိုင်း ကြိုးစားခဲ့ရတာ။





ဒါ … သူ့တုံ့ပြန်မှု အဆင့်တစ်ပါ … နှစ်တွေ သုံးတွေ
ရှိသေးသည်။

ကိုကိုနှင့် ညီမလေးအတွက် … သူ ခခကို သင်ခန်းစာ
သလှ ပေးချင်သည်။

“မောင် ‘ခ’ကို လွှတ်၊ ခ တောင်းပန်ပါတယ် မောင်ရယ်၊
မောင့်ကို ခ ယုံပေးခဲ့တယ်၊ အဲဒါကလေးကို မောင်ငဲ့ညှာပါဦး”

“မလွှတ်ချင်ဘူး ‘ခ’ရယ်၊ မောင့်ကို နားလည်ပေးပါ …
မောင် ‘ခ’ ကို အရမ်းချစ်လို့ပါ”

“ဟင့် အင်း … မောင်”

“ချစ်တယ် ခ ရယ်”

ထွန်းက ခခကို ရင်ခွင်ထဲက ရုန်းမရအောင် တင်းတင်း
ကျပ်ကျပ် ဖက်ထား၏။

ခခ စိတ်ဆိုးလည်း ဆိုးစေ …

သူ့အတွက် အရေးမကြီးပါ။

✳ ✺ ✳



www.burmeseclassic.com

www.burmeseclassic.com

ခခဲက ဆံပင်တွေကို သပ်တင်ပြီး နှုတ်ခမ်းလေးကိုက်ကာ သူ့ကို ခွင့်မလွှတ်နိုင်သလိုကြည့်လာ၏။ ထွင့်ရှက် တောင်းပန်ခယသော မျက်လုံးများနှင့် . . .

"တမင်ကြံစည်ပြီး 'ခ' ကို ညာခေါ်လာတာ မဟုတ်လား ပြော. . . ။

"ဘာပဲဖြစ်ဖြစ် . . . ချစ်လို့ပါ ခ ရယ်"

ဘဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ . . . မယုံဘူး"

ခခက ထွင့်ကို စိတ်ဆိုးသွား၏ . . . ငိုလည်း ငိုသည်၊ ခခမျက်ရည်တွေကို မြင်ရတော့ ဝမ်းသာရမည့်အစား ရင်[illegible] တစ်မျိုးကြီးဖြစ်သွား၏။ ရင်ထဲက နာကျင်မိသလိုပင် ခခအပေါ် ဗိုလ်ကျအနိုင်ယူသလို ဖြစ်ခဲ့ရပြီ။ သူ့ရင်ထဲမှာ ဇဝေဇဝါ။

ပျော်ရွှင်ကျေနပ်ခြင်းသက်သက်မဟုတ်ဘဲ ထိခိုက်ကြေကွဲ[illegible] ခြင်းလည်း ပါနေသည်။

ခခအကြည့်ကို သူ ခံနိုင်ရည်မရှိ။ ခခ လက်ဝါးပြင်လေး[illegible] ဆုတ်ညှစ်ပြီး တောင်းပန်မိ၏။

"ဆောရီးကွာ"

ခခက ထွင့်ကို မကြည့်ဘဲ မျက်ရည်ကျလာပြန်သည်။

'ခ' ရင်ထဲက ဆန္ဒတွေ ဖြစ်ချင်တာတွေနှင့် လက်တွေ့ ကြုံဆုံ ရင်ဆိုင်နေရတာတွေ ကွာခြားလွန်းလှပါသည်။

အတူတူနေချင်ရင် လက်ထပ်ခွင့်တောင်းရမှာ ... တန်ဖိုး[illegible] ထားပြီး မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ယူရမှာ . . .

မောင် . . . ခခကို တန်ဖိုးမထားဘူး။

မောင့်အပြုအမူက ခခကို ရင်နာစေလိုက်တာ . . .

ဘာဏ်ဝင်းစာပေ



အချစ်ဆိုတာ တစ်ခါတစ်ခါ ကြည်နူးချမ်းမြေ့စရာ ကောင်း[illegible]သလောက် တစ်ခါတစ်ခါ နာကျင်ထိခိုက်မှုကိုလည်း ပေးတတ်[illegible]ွန်းပါလား။

"ခ အရမ်းဝမ်းနည်းတယ် . . . သိလား"

"ခ,ရယ် မောင်မှားသွားပါတယ်"

ခခက ထိခိုက်ကြေကွဲစွာ ငိုနေတော့လည်း . . . သူ့ရင်မှာ [illegible]ချမ်းမြေ့။

သည်မျက်ရည်တွေကြားမှာ သူကျရှုံးလို့မဖြစ်ပါ။ သူခံနိုင်[illegible]ည် ရှိရမည်။

ထိပ်ထား ခခ ဆိုသော ထိုမိန်းမ မျက်ရည်ကျတာကို သူ [illegible]အရမ်းပျော်ရမှာ . . . ။

သူမ၏ဘဝကို တိတ်တဆိတ် သူ ပိုင်စိုးနိုင်ခဲ့ပြီ။

ချစ်လို့ပါ ဆိုသော စကားလှလှကလေးကတော့ နှုတ်ဖျား[illegible]သာ အလွယ်တကူ ခြွေလို့ရတာမို့ သူမအတွက် လက်ဆောင်ပါပဲ။

သည်ထက်ပိုပြီး သူဘာမှ မလုပ်ပေးနိုင်။

မင်းကို ငါက မုန်းနေရမှာ ခခ။

မုန်းသင့်ပါတယ် . . . မင်းပြောပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါ မတရားဘူးလား . . .

ငါ ရက်စက်သလား . . .

မင်းခြေဖျားတောင် မမီပါဘူး။

မင်းကြောင့် ငါ့အစ်ကိုနဲ့ ငါ့ညီမလေး . . .

ထွန်းက အံကြိတ်သည်။

"ပြန်မယ်"

"အိုကေ . . . ပြန်ကြတာပေါ့"

ထွန်းက ဘာမှမဖြစ်သလို ခေါင်းညိတ်၏။

ခခက ကြေကွဲဆို့နင့်စွာ ချစ်သူမျက်နှာကို ငေးကြည့်ရင်း ကားထဲ ပါလာခဲ့သည်။

လက်ထပ်စကားကို မောင်က တစ်ခွန်းမဟခဲ့ပါ။ မောင် ခကို လက်မထပ်ချင်တာလား၊ ဒါမှမဟုတ် လက်ထပ်ယူဖို့ အလောတကြီး မလိုအပ်တော့တာလား . . .။

ခ ရင်ထဲမှာ မချိမဆံ့ နာကျင်နေပါသည်။

မောင်က ခြံရှေ့မှာ ကားရပ်ပေးသည်။

ခခက မောင့်ကို နှုတ်ဆက်စကားမဆိုဘဲ ကားထဲက ဆင်းလိုက်၏။





"ခခ"

မောင် ခေါ်ပေမယ့် ခ လှည့်မကြည့်ပါ။

ဝေ့တက်လာသော မျက်ရည်တွေကို မျက်တောင်ခတ်ရင်း၏။

မောင်ရယ် . . .

သံသယ မဝင်ချင်ဘူး။

မောင် ခ,ကို မချစ်ဘူးဆိုတဲ့အတွေးက ခေါင်းထဲ ဝှတ်ဝင်လာနေတယ်။

အဲဒီအတွေးကို 'ခ' ခွင့်မပြုချင်ဘူး။

ကားစက်နှိုးသံကြားရသည်။

မောင်ပြန်ပြီ . . .။

ခရင်ထဲမှာ လစ်ဟာကြေကွဲစွာ ဖျတ်ခနဲ လှည့်ကြည့်မိ၏။

မောင်က ကားကိုညင်သာစွာ ရှေ့ကြည့်လျက် မောင်းနေသည်။ ခ လှည့်ကြည့်တာ မတွေ့ပါ။ ချစ်လို့ပါဆိုတဲ့ မောင့်စကားကို ခ ဘယ်အတိုင်းအတာအထိ နားလည်ပေးရမလဲ။ ခ မသိတော့ပါ။

အိမ်ထဲဝင်လာတော့ မေမေက ဟင်းချက်နေပါသည်။ ခကို တွေ့တော့ ဝမ်းသာအားရနှင့် "ခ ပြန်လာပြီလား" ဒီမှာ အုန်းနို့



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲကျက်တော့မယ် . . . အတူတူစားရအောင်” ဟုဆို၏
ခက ခွန်းတုံ့မပြန် . . .။

ခ အရမ်းပဲ ငိုချင်လာသည်။

“မေမေ”

မေမေ့ကို ပြေးဖက်ပြီး ခ ငိုချလိုက်၏။

အရမ်းအားငယ်နေသည်။

“ဟဲ့ . . . သမီး ဘာဖြစ်လို့လဲ”

မေမေက ထိတ်လန့်သွားပြီး ခကို ပြန်ဖက်ထား၏။ မေမေ့
ရင်ခွင်မှာ ခ တိုးဝင်နေမိသည်။ သူက လုံခြုံနေသော အားရှိသွ
သလိုပင်။

“ဘာဖြစ်လာတာလဲ သမီး ...သမီးကောင်လေးရော . . .
ပြန်သွားပြီလား။

“ဟုတ်”

ခခက မေမေ့ကို အဖြစ်မှန် ရှင်းပြလိုက်၏။

“သမီးရယ်”

မေမေက ယူကျုံးမရ ရေရွတ်သည်။

“သမီးက အခု ဘာဖြစ်ချင်လို့လဲ”





“သမီးဆန္ဒနဲ့ သမီးလိုက်သွားခဲ့တာ ... မှန်ပါတယ်မေမေ၊
မီးနဲ့ သူ ချစ်သူတွေပါ။ ဒါပေမဲ့ သူနဲ့ အဲဒီလိုနေဖို့ သမီး
မပြုဘူး . . . သူ . . . သူ . . . ဖွတ်ကြိုးစားခဲ့တာ”

မေမေက သက်ပြင်းရှိုက်သည်။

“မေမေမေးတာ . . . သမီး အခုဘာဖြစ်ချင်လဲ၊ သူ့ကို
လွှတ်လား၊ ခွင့်မလွှတ်ဘူးလား”

“သူက လက်ထပ်မယ်လဲ မပြောဘူး”

မေမေက စိတ်လေးသလို ပြုံးသည်။

“သမီးက လက်ထပ်ချင်တာလား၊ ဒါမှားသမီးရယ် . . .
မီးပြောလိုက်ပေါ့ . . . အိမ်မှာလာတောင်းလို့”

“သမီးက မိန်းကလေးပါ မေမေ . . . လက်ထပ်ခွင့်ကို
ဘာ တောင်းရမှာ”

“ဟုတ်တော့ ဟုတ်တယ်”

ခ၏သဘောကို မေမေနားလည်ပါသည်။

“သမီးဘက်က စ,ပြောလဲ ဘာမှမဖြစ်ပါဘူးကွယ်”

မေမေက စဉ်းစားပြီးမှ ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"သူက အပြစ်တစ်ခု ကျူးလွန်လိုက်ပြီးလဲ ချစ်သူအ
မဟုတ်တော့ဘဲ သမီးက လက်ထပ်ယူပါလို့ ပြောလို့ရတ

"သူက လက်မထပ်ချင်ရင်ရော"

"သမီးရယ် . . . ဘာလို့စိုးရိမ်နေတာလဲ ပြောကြည့်
သူ ဘာဖြေလဲ၊ သူ့ဆန္ဒက ဘယ်လိုလဲ၊ သိပြီးမှ ဆက်စ
ပေါ့ . . ."

ခခက ပင့်သက်မျှဉ်းမျှဉ်းရှိုက်သည်။

စိတ်ကူးနဲ့ လက်တွေ့ဘဝက တခြားစီပါလား . . .
သွားလို့ လျော်ကြေးအဖြစ် လက်ထပ်ရမှာဆို 'ခ' က မလို

မောင် ခကို လက်ထပ်ချင်ရဲ့လား၊ ပိုင်ဆိုင်ချင်ရဲ့
မြတ်နိုးရဲ့လား။

လက်ထပ်တယ်ဆိုတာ နှစ်ဦးသဘောတူမှပါ။ ခ တ
သတ် မလုပ်ချင်။

မောင့်သဘောကို မေးကြည့်ရတော့မည်။

မောင့်ဘက်ကစပြီး ဆက်သွယ်လာမှပဲ ခက မေး

မောင်က ကျောခိုင်းသွားရင်လည်း မောင့်သဘောပါ။





ခ ကျေနပ်စွာ နှုတ်ဆိတ်နေပေးပါ့မယ်။

အချစ်ကံမကောင်းဘူးလို့ မှတ်ယူလိုက်ပါ့မယ်၊ မောင့်ကို
မယူတော့ပါဘူး။

မောင့်သဘောထားကို ခ သိချင်သည်။

မေမေကတော့ ခကို မောင်နှင့်မြန်မြန် လက်ထပ်စေချင်
ပါ။ အခြေအနေမှန်ကို ခက ဖွင့်ဟဝန်ခံထားခဲ့ပြီမဟုတ်လား။

❊ ✺ ❊



www.burmeseclassic.com

www.burmeseclassic.com

မောင်က ခ ဆီ ဖုန်းမဆက်ပါ။ လူလဲ ရောက်မလာ။ အဆက်အသွယ် ဖြတ်ထားခဲ့သည်။ 'ခ' တို့ဇာတ်လမ်း ပြီးသွားပြီလား။

'ခ' က တစ်သက်စာချစ်ကြဖို့ ရွယ်စူးခဲ့တာပါ မောင် . . . ဆုတောင်းလွန်းလှစွာ ဇာတ်သိမ်းသွားလိမ့်မည်မထင်ခဲ့။

'ခ' အရမ်းမျှော်လင့်နေခဲ့သည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက် နှစ်ရက် သုံး လေး ငါးရက် . . .

တစ်ပတ်ကျော်သွားတော့ 'ခ' မမျှော်ချင်တော့ . . . ရပ်
မောဟိုက်လာသည်။

မောင် မလာတော့ဘူး ထင်ပါရဲ့ . . .

'ခ' အတွက် အချိန်တွေက အောင်စာရင်းပဲလား . . .
နေ့ရက်တွေကြာသွားလို့ မောင်ရောက်မလာရင် . . . အဖြေ
အလိုလို ထွက်ပြီးသား။

မောင် တမင်စိမ်းကားသွားပြီဆိုတာ . . .

ခါတိုင်းဆို မောင့်ဖုန်းခေါ်သံက တစ်နေ့ နှစ်ကြိမ်လော
ကြားရတာ . . .

ဟုတ်ပါပြီ . . . ဟုတ်နေပါပြီ။

မောင် 'ခ'ကို ဖြတ်လိုက်တာ . . .။

အမှားတစ်ခုအတွက် တာဝန်မယူချင်လို့ . . . ရှောင်
သွားပြီလား။

'ခ'ရင်ထဲမှာ တနုံ့နုံ့ခံစားပြီး တဆစ်ဆစ်နာကျင်ရပါသ

ရက်စက်ပါ မောင်ရယ် . . .

'ခ'က ယုံမိတာကိုး။





'ခ' မောင့်ကို အပြစ်မမြင်ချင်။

ခဏတစ်ဖြုတ် အရာရာကို မေ့ထားချင်ပါသည်။

သွေးအေး အနည်ထိုင်သွားချိန်ကျမှ အရာရာကို 'ခ' ပြန်
သပ်ချင်သည်။

မေမေက ဘာမှမမေးလဲ 'ခ' ကို စောင့်ကြည့်အကဲခတ်
၏။ ခါတိုင်းထက် ပိုဂရုစိုက်သည်။ 'ခ' မေမေ့ကို အားနာ
ားမိ၏။

ခခကြောင့် မေမေ စိတ်မထိခိုက်စေချင်။

မန္တလေးကိုပြန်သွားတာပဲ ကောင်းမလား။ သည်မှာ နေရ
'ခခ' အတွက် မသက်မသာရှိလှ၏။ မောင့်အကြောင်းတွေပဲ
နေမိသည်။

အိပ်ရာပေါ် ခွေနေသော 'ခ'ကို မေမေက သတိပြုပြီး
ရုစိုက်နေတော့ . . . အနေရလည်း ခက်မိ၏။

မေမေ့ရှေ့မှာ . . . ပျော်ချင်ယောင် ဆောင်နေရတာ ပို
ပင်ပန်းသည်။

'ခ' ဘာလုပ်ရမလဲ မောင် . . .

✻✺✻



www.burmeseclassic.com

www.burmeseclassic.com

'ခ'၏ဆန္ဒကို မေမေက မတားဘဲ မန္တလေးပြန်ဖို့ သဘောတူတာမို့ ခခက အိမ်ကကားနှင့်ပဲ ကားဂိတ်ကိုလာခဲ့၏။

"သမီး ... တစ်ပတ်နှစ်ပတ်၊ တစ်လနှစ်လနေပြီး ပြန်လာပေါ့။ သမီးကြီးလည်း မလာသေးဘူး၊ သမီးကြီးက တော်တော်နဲ့ လာမယ်မထင်ဘူး။

"ဟုတ်ကဲ့"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခခက မေမေ့စကားကို ခေါင်းညိတ်သည်။ ရင်ထဲမှာ
နေသာသွားရင် ပြန်လာမှာပါ။

ကားထဲ ငြိမ်သက်စွာပါလာရင်း ... ခခ ပင့်သက် အခါခါ
ရှိုက်မိ၏။

တစ်သက်မှာတစ်ခါပဲချစ်ဖို့ 'ခ' က ရည်ရွယ်ထားခဲ့သူပါ။
အခုတော့ ...

'ခ'နှလုံးသားတွေ မွမွကြေကွဲကုန်ပါပြီ ... မောင်ရယ်

ကားတစ်စီး ဘေးနားကပ်လိုက်လာတော့ အမှတ်တမဲ့
ကြည့်မိ၏။

ဟင် ... မောင် ...

မောင်ပါလား ...

ဇ်မောင်က 'ခ'ကို လက်ပြသည်။ ကား ခဏရပ်ပေး
အမူအရာနှင့်ပြ၏။

"ဦးလေး ... ကားခဏရပ်ပါဦး"

"အေး ... အေး"

ဖေဖေ့ဒရိုင်ဘာ ဦးလေးကြီးက ... ကားရပ်ပေးပါသည်
မောင်က ကားကိုရပ်ပြီး ဆင်းလျှောက်လာတော့ ... ခခလည်





ကားထဲက ဆင်းလိုက်ပါသည်။ မောင့်ပုံစံ ခါတိုင်းလို ရွှင်မြ
ဆန်းဆန်းစွာ အေးအေးလူလူ။

'ခ' မနာလိုမဖြစ်ပါဘူး မောင် ...

ကျေနပ်ပါတယ် မောင် ... ပျော်ပါ။

"ခ ဘယ်သွားမလို့လဲ"

မောင့်မေးခွန်းကြောင့် နောက်ဆုံးလက်ကျန်မျှော်လင့်ချက်
လေး ပျက်ပြယ်သွားရ၏။

အိမ်ကို ဖုန်းဆက်လို့များလား ...

အိမ်က ပြောလိုက်လို့များလား ...

မောင်က 'ခ'ကို တားမလို့များလား ...

ခ၏ မျှားလားမျှားစွာ အရည်ပျော်သွား၏။ ခရီးသွားဟန်လွှဲ
မောင်က နှုတ်ဆက်တာကိုး။ တကယ်ပဲ သာမန်မိတ်ဆွေတွေလို
ခါပြောနှုတ်ဆက် စကားဆိုရှဲ ...

ရှိပါစေတော့မောင် ...

"မန္တလေး သွားမလို့ပါ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မောင်က ခကို စူးစူးစိုက်စိုက်ကြည့်နေ၏။

"သွားမယ်နော်"

ခခက တိုးဖွဖွ နှုတ်ဆက်သည်။

မောင့်ကို ခ ဘာများပြောနိုင်မှာလဲ . . .

မောင်က ဖြစ်ခဲ့သမျှ ချစ်ခဲ့သမျှကို မေ့ပစ်ခဲ့ပါပြီ။ သတိမရတော့။

"အိုကေ"

မောင်က ခေါင်းညိတ်သည်။

ခခက ကားပေါ်ပြန်တက်သည်။

မောင်က သူ့ကားဆီ လျှောက်သွားသည်။

ကားနှစ်စီးက ဆန့်ကျင်ဘက် တစ်လမ်းစီ . . . တရွေ့ရွေ့

မောင်မတားပါ . . . မောင် ဘာမှမပြော။

ခကို တွေ့လိုက်ရတာ . . . မောင့်အတွက် ဘာမှထူးခြား မပေါ်။

ခမှာတော့ ရှုမတတ် ခံစားလိုက်ရတာ . . .

မောင်က သွေးအေးစွာ ရက်စက်တတ်သူ . . .





'ခ'ဘဝကလေးကို ဦးဦးဖျားဖျား နင်းခြေပြီး ဥပေက္ခာ ရှုတ်သူ . . . မသိသလို . . . မမှားသလို . . . ဘာမှမဖြစ်သလို ပစ်တတ်သူ . . .

ခက မျက်ရည်တွေ ပါးပြင်ပေါ် ပူလောင်စွာ ကျလာ၏။ လကားနေ . . . ကျနေမိသောမျက်ရည်။

✻✹✻



www.burmeseclassic.com

www.burmeseclassic.com

ထွန့်က ကားမောင်းလာရင်း ငြိမ်သက်စွာစဉ်းစားနေ၏။ စိတ်ထဲမှာ ဘာလို့လေးနေမိသလဲ . . . မပျော်နိုင်တာလဲ။

ခခ မန္တလေးသွားမှာ ဘာ့လို့မတားမိတာလဲ . . . တားချင်နေမိတာ အရမ်းပတာမ်း။

သည်အချိန်မှာ . . . အဆက်အသွယ် ဖြတ်လိုက်တာ အကောင်းဆုံးပါပဲ။

ဘုတ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ အနိုင်ပိုင်းနိုင်ခဲ့ပြီ။

ခခ အလူးအလဲ ခံစားခဲ့ရပြီ၊ ငိုခဲ့ရပြီ၊ ခခကို သူ အသည်း ခွဲနိုင်ခဲ့ပြီ။

အခုအချိန်မှာ သူ ရပ်သင့်ပြီ။

အမှတ်တမဲ့ လာဆုံရသောအခါ သူ့စိတ်က မခိုင်၊ ယိုင်လဲ ချင်ချင် . . . ။

ခခကို လွမ်းဆွတ်သတိရစွာ . . . မွတ်သိပ်တောင့်တစွာ သူ ငေးစိုက်ကြည့်မိသည်။

'ခ'ကို လွမ်းသည်။

'ခခ'ဆံပင်လေးတွေကို လွမ်းသည်။

'ခခ'ကိုယ်လုံးကလေးကို လွမ်းသည်။

'ခခ'ပါးပြင်ကလေးကို လွမ်းသည်။

'ခခ'အသံကလေးကို လွမ်းသည်။

'ခခ'၏ ရှမ်ပူနံ့သင်းနေသော ဆံပင်ကလေးတွေကို တခါ နှီးပင် သူသတိရသည်။ ခခကိုယ်လုံးကလေးကို အရမ်းတင်း ကျပ်ကျပ် ဖက်ထားချင်သည်။ သူ ခခကို တကယ်ချစ်နေပြီလား ချစ်မိသွားပြီလား။





ရပ်တန်းက ရပ်ရမည့်အချိန် နှလုံးသားက ဆက်ချင်နေ သည်။ ခေါင်းမာနေသည်။

သူ ကားကို ဝူးခနဲ ပြန်ကွေ့မိ၏။

ရုတ်တရက်မြင်လိုက်ရတော့ သူ မနေနိုင်ပါ။ သူ့စိတ်တွေ လဲသွားသည်။

ခခကားနောက်ကို ပြန်လိုက်လာမိ၏။

ခခ ချစ်နေသေးလဲ ရတာပဲမဟုတ်လား၊ သူ့သဘောပဲ မဟုတ်လား။

ခခက လမ်းခွဲစကားဆိုတာမှ မဟုတ်ဘဲ။ သူ့ဘက်က ဆက်အသွယ်ဖြတ်ခဲ့တာ။

ထွင့်က ကားကိုမြန်မြန်မောင်းလာရင်း ရင်တွေတဒိတ်ဒိတ် ခုန်နေမိ၏။

သူ . . . ခခကို လမ်းခွဲမှာပါ။

လောလောဆယ်တော့ ခခကို ရင်ခွင်ထဲ တင်းတင်းဖက် ထွေးပွေ့ထားချင်သေးသည်။

❋ ✹ ❋



www.burmeseclassic.com

www.burmeseclassic.com

တိုင်းဝေးကားပေါ်က ခခက သူ့ကို မြင်ပေမယ့် မှိန်းဖျော့
သ အပြုံးကလေးနှင့်သာလက်ပြ၏။ ဆင်းမလာတော့ပါ ...

"ခခ ခဏဆင်းခဲ့ပါ"

ကားကသွားနေခဲ့ပြီ။ ခခက ကားမရပ်ခိုင်းပါ။ ပြန်ဆင်း
ညီး စိတ်ကူးမရှိ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ခကို အရှုးလုပ် လှည့်စားချင်ရတာလဲ မောင်ရ

ကားပေါ်ကဆင်းပြီး မောင်နဲ့စကားပြောရင် . . . ကာ

ရပ်စောင့်နေမှာတဲ့လား။

ဘာတွေထပ်ပြောချင်လို့လဲ . . .

မောင်က "ဖုန်းဖွင့်ပါ"ဟု ဟန်အမူအရာနှင့်ပြသည်။

*Hand Phone* ကို စက်ပိတ်ထားခဲ့တာပါ။

မောင့်ဆန္ဒကို ခခက မငြင်းပါ။ ပိုက်ဆံအိတ်ထဲက ဖု

ဖွင့်လိုက်၏။

ပြောချင်တာတွေ ပြောပါစေ၊ ခ ခွင့်ပြုရမှာပါ။

ကားပေါ်က ပြန်ဆင်းဖို့သာ မဖြစ်တာ။

ကားထဲမှာ ခ တစ်ဦးတည်း မဟုတ်။ ကားက ရပ်

ပေးမှာ မဟုတ်။

မောင့်ကားလေးက . . . ခတို့ကားကြီးနှင့် ဝေးသွား

နီးကပ်လာလိုက် ရှိနေသည်။

"ခခ"

"ဟင်"

"ကားရပ်ပြီး ဆင်းခဲ့ပါ"





"ဘာလို့လဲဟင် . . . ခခ မန္တလေးသွားမလို့ပါ"

"ခဏဆင်းခဲ့ပါ"

"ကားထွက်သွားမှာပေါ့မောင် . . . ဖုန်းထဲကပဲ ပြောလေ"

နားထောင်နေသားပဲ"

"ခဏလေးပါ . . . အရမ်းအရေးကြီးလို့ပါ"

ခခက ပင့်သက်ရှိုက်သည်။

"နောက်တစ်စီးနဲ့သွားလဲ ရတာပဲမဟုတ်လာ 'ခ' ရာ . . .

ဆင်းခဲ့ပါ"

"မောင် . . . ဘာကိစ္စလဲ . . . ပြောလေ"

"အရမ်းအရေးကြီးလို့ပါ။ သေရေး ရှင်ရေး"

"ဟင်း"

ခခက ပင့်သက်ရှိုက်ပြီး ဖုန်းပိတ်လိုက်၏။

ကားခဏရပ်ပေးဖို့ ကားဆရာကိုပြောသည်။

"ကျွန်တော်တို့ စောင့်ရဦးမှာလား"

မေးတော့ မေးရှာသား . . .

"ရပါတယ် . . . ကျွန်မ နေခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခခက အဝတ်အစားထည့်ထားသော သားရေသေ ကလေးကို တစ်ပါတည်းဆွဲယူသည်။

ကားပေါ်ကဆင်းတော့ . . . မောင်က ခခအနာ အပြေးရောက်လာ၏။

ဘာမပြော ညာမပြော ပြုန်းဆို ခခကို ရင်ထဲသိမ်း ပွေ့ပိုက်ကာ တင်းကျပ်စွာဖက်ထား၏။ မောင့်ရင်ခုန်သံကို ကြားနေရသလိုပင် ခက ငြိမ်သက်စွာရပ်နေမိ၏။

"မောင် အရမ်းသတိရတယ် 'ခ' ရယ်"

ခခက မျက်ရည်ကလေး လည်လာ၏။

ဒါ . . . အရမ်းအရေးကြီးတဲ့ သေရေးရှင်ရေးလား မေ တကယ်ပဲလား။

"မောင့်ကို ဖက်ထားပါ 'ခ' ရယ်"

ခခလက်တွေကို ဆွဲယူလှုပ်ယမ်းကာ တောင်းဆို တုန်တုန်လှုပ်လှုပ် အကဲ့အကဲခါခါကြီး။

"မောင့်ကို စိတ်မဆိုးပါနဲ့ . . . ခကို မောင်ရင်မဆိုင် ရှောင်နေမိတာပါ ... ခဆန္ဒမပါဘဲ မောင့်ဘက်က ဇွတ်ကြီ မိခဲ့တာအတွက် မျက်နှာပူ အားနာလို့ပါ"





ထွင့်က ရှုတ်တရက် ရင်ထဲကအမှန်တွေ ဖွင့်ဟဝန်ခံမိ သွား၏။

ထိုစကားလုံးတွေက ရင်ထဲအလိုလို ရှိနေခဲ့ပြီး နှုတ်ဖျားက တွတ်တွတ် ချော့မော့တောင်းပန်ဖို့ လုံးဝကြံစည်အားထုတ် ခြင်း မရှိခဲ့ပါ။

စိတ်ထဲ တစ်ထောင့်တစ်နေရာမှာလည်း ထိပ်ထားခခ ပေါ်နစ်ဝင်သွားမိမှာ ရှုန်းမထွက်နိုင်မှာ စိုးလန့်လာတာအမှန်။

ထိပ်ထားခခ ကိုယ်လေးက မာမာတောင့်တောင့် ငြိမ်သက် ရာမှ တဖြည်းဖြည်း နူးညံ့စွာ ညင်သာစွာ သူ့ဘက်ကို ယိုင်ကျ ခဲ့လာပြီး . . . သူ့ကို ဖွဖွထွေးထွေး ပြန်ဖက်တွယ်လာ၏။ ဘ်ဆိုးပြေသွားပြီထင်သည်။

"မောင်"

"အင်"

"ခ တို့ လက်ထပ်ကြရအောင်"

"ဘာ"

ထွင့်အကြီးအကျယ် တုန်လှုပ်သွား၏။ ချောက်ချားသွား၏။ မ်မက်ဆိုးက လန့်နိုးသူလို ခွေးပျက်စိုးကြောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ခေါ်ခဲ့ပါ တဲ့"

ခခက သူ့ဆန္ဒကို ဖွင့်ပြောလာသည်။

"မေမေက လာတောင်းတော့ တဲ့"

"ဘာလို့လဲ"

"ခ . . . ခတို့အကြောင်း မေမေသိတယ်"

"ဟင်"

ထိပ်ထားခခဟာ ထင်ထားတာထက် လိမ္မာယဉ်ေ
ပွင့်လင့်သူလေးဖြစ်နေတာ မယုံချင်စရာ။

သစ္စာမဲ့သောမိန်းမ၊ မျက်နှာများသောမိန်းမ၊ ရက်စက်တ
သော မိန်းမတစ်ယောက်နှင့် တစ်စက်မှုကိုမတူ။

ပကတိအဖြူထည်ကလေး ...

မိဘအပေါ် ရိုသေပွင့်လင်းတာ ...

သူ့အပေါ်သည်းခံစိတ်ရှည်တာ ... ဂရုတစိုက် ချစ်တ
တာ ...

ဟူး ...

ထွင့် ရင်မောလာ၏။

"အိုကေ ... လာတွေ့မယ်လေ"





"မေမေက သဘောကောင်းပါတယ်"

"ဟုတ်လား"

"မောင်ကလဲ သဘောမတူစရာလူမှ မဟုတ်ဘဲ"

ခခမျက်နှာကလေး ဝင်းပကြည်လင်နေတာ မြင်ရတော့
သူလည်း ပျော်မိသည်။

ကဲ ... ထပ်တစ်ခု လက်တုံ့ပြန်စရာ ရပြီ။ သူ နောက်
ဆုတ်ပါ။ ရှေ့ဆက်တိုးပါမည်။ ခ၏ မိဘအသိုင်းအဝိုင်း၊
တိုယ်တိုင် ... အရှက်တကွဲ အကျိုးနည်းရသည့်အရသာကို
ည်းစေတော့။

လက်ထပ်ဖို့သာ တောင်းဆိုလို့ လိုက်လျောရမှာ၊ သူ့
သက်ထပ်မှာ မဟုတ်။

ခခကို သည်တစ်သက် သူ လက်မထပ်နိုင်ပါ။ ရင်ထဲမှာ
ာကျင်မျက်ရှ မုန်းတီး ခါးသီးလွန်းလှသည်။

ကိုကို့ချစ်သူဖြစ်ပြီး ကိုကို့အသည်းကိုခွဲကာ ညီမလေး၏
ချစ်သူကိုပါ လုယူသွားခဲ့သည်။

သည်လိုမိန်းမကို သည်ထက်မကရက်စက်လဲ တရားပါ
သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်မြတ်နိုး တန်ဖိုးထားလို့ လုယူမိတာဆိုလဲ ထား
အခု ဘယ်မှာလဲ အဲဒီလူ။ ခဏတွဲပြီး ထုံးစံအတိုင်း ခေါက်ထား
လိုက်ပြီ မဟုတ်လား။

"မောင်"

"ဟင်"

"ခကို မောင်က လက်ထပ်ချင်ရဲ့လား"

"ဘာလို့လဲ"

"ခ,ဆန္ဒတစ်ခုတည်းနဲ့ ဖွတ်မစီစဉ်ချင်ဘူး"

"တကယ်လား ... မောင်က လက်မထပ်ချင်သေးဘူး
ဆိုရင်ရော ..."

ခမျက်နှာကလေးက ချက်ချင်းညှိုးသွား၏။

"ရပါတယ်မောင်၊ ခက မောင့်ဆန္ဒမပါတဲ့ တစ်ဖက်သတ်
ရှေ့တိုးမယ့် မိန်းမ မဟုတ်ဘူး"

"အိုကေ ... မောင် ... ခမေမေကို လာတွေ့ပါမယ်
တောင်းရမ်းယူဆိုတော့လဲ ယူရသေးတာပေါ့"

ခက မောင့်ကို ငေးကြည့်နေမိ၏။

မောင်ရယ် ဘယ်လိုလဲ ...





နားမလည်လိုက်တာ ... ပဟေဠိဆန်လိုက်တာ။

ခကို လက်မထပ်ချင်သလို အင်တင်တင်နှင့် ပြီးတော့လဲ
အလွယ်တကူ ခေါင်းညိတ်ပြန်ရော ...

မောင့်ပုံစံက သိပ်ပေါ့ရွှတ်နေလွန်းသလား ...

ဟင်း ...

ဘာပဲဖြစ်ဖြစ် မောင်က လူကြီးစုံရာနှင့် မိသားဖသားပီပီ
လာရောက်တောင်းရမ်းယူမယ်ဆိုတာကို ခဘက်က ...

ကျေးဇူးပါမောင် ...

လှိုက်လှိုက်လှဲလှဲကျေးဇူးပါ။

မောင် လက်မထပ်လည်း ခက ဘာမှမတတ်နိုင်။

"ကဲ ... ကားပေါ်တက်"

"အင်း"

မောင်က အပြန်လမ်းမှာ သူ့ကားကို ဆီဝင်ထည့်ပါသည်။

"ခ ... ဒက်ရှ်ဘုတ်အခန်းထဲက ဆီစာအုပ် ထုတ်ပေးပါ"

ဓာတ်ဆီဆိုင်ရှေ့ရောက်တော့ မောင်က ပြောလာ၏။ ခက
ဆီစာအုပ် ဖွင့်ယူထုတ်ပြီး မောင့်ကိုပေးသည်။

ဒက်ရှ်ဘုတ်အခန်းထဲကို ခ မကြည့်မိပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖြစ်ခဲ့ရင် ' T ' ပုံသဏ္ဍာန် ဆွဲကြိုးကလေးကို ခ တွေ့ကောင်း တွေ့မှာပါ။

မောင်ပေးသော ဆီစာအုပ်ကို 'ခ' က ဒက်ရှ်ဘုတ်ထဲ ပြန်ထည့်ပြီး ပြန်ပိတ်လိုက်၏။

မောင့်ကို နားမလည်ပေမယ့် ... 'ခ' သံသယမဖြစ်မိပါ။ မောင်က ခ ကို ချစ်သည်ဟု ခ ယုံပါသည်။

ခ အရမ်းလည်း ပျော်ရွှင်ကျေနပ်နေမိ၏။

✻ ✺ ✻



အမရာ့ဆီက ဖုန်းဝင်လာတော့ ထွဋ်က ကြည်နူးစွာ ပြုံးမိ၏။

"ကိုထွဋ်လား"

"ရက် (စ်) ... ဟုတ်ကဲ့"

"အလကား ... ဖုန်းဆက်ဖော်တောင် မရဘူး"

"ဆက်မလို့ပဲ"

၁



www.burmeseclassic.com

www.burmeseclassic.com



အမရာက သူ့ကိုစိတ်ဆိုးချင်ပုံ၊ အဲ ထပ်ပြီး တိတိကျကျ ပြောရရင် စိတ်ကောက်ချင်ပုံ . . .

"စကားပုံက မှန်လွန်းတယ်"

"ဗျာ"

"မီးဝေး . . . ချိပ်မာတဲ့"

ထွဋ်က ခပ်တိုးတိုးရယ်သည်။ ရယ်နေရင်းမှ အမရာ့စကားကို သဘောကျပြီး အကျယ်ကြီး ရယ်မိ၏။

"အမရာက မီးလား . . . ကျွန်တော်က ချိပ်လား . . . မား . . . ဟား . . . ဟား"

အမရာက ရှက်ရွံ့စွာ အသံတိတ်သွား၏။

တစ်ယောက်ကိုတစ်ယောက် ဖွင့်ဟမဆိုဘဲ တစ်ခုခုကို နားလည်ခံယူမိတာချင်း သွားတူနေသည်။

သူ့မဘက်ကလည်း သူ့အပေါ် တရင်းတနှီး တနွေး တသွေးနှင့် လေးနက်တာ ပေါ်လွင်ပါသည်။

"ကိုထွဋ်ပဲ ဖုန်းဆက်မယ်၊ လာခဲ့မယ် ဘာညာနဲ့ ပုံတွေ ပြောပြီးတော့ . . ."

အမရာက သူ့ကို စိတ်ကောက်နေတာ သေချာ၏။ သူ့ ခုတလော ခခနှင့်အချိန်ကုန်နေမိတာ၊ ခခနှင့် အဆက်အသွယ် ဖြတ်ထားတော့လည်း ဘာမှမလုပ်ချင်၊ မကိုင်ချင် စိတ်တွေ လေနေသည်။





ခခကြောင့် . . . မတော်တဆ သူ ခံစားခဲ့ရသည်ရှိသော် အမရာက သူ့အတွက် အသင့်တော်ဆုံး အစားထိုးစရာပါ။ ဒါကို သူမေ့နေလို့မရ။ သူက ဝေဒနာတွေမလိုချင်၊ ဝေဒနာတွေက ခခ အတွက်ပါ။

ခခနှင့်သူ ပတ်သက်နေတာကို ဘယ်သူမှမသိ။ သူ့အသိုင်းအဝိုင်းမှာ မသိပါ။ ကြီးတော်ကြွေနှင့် မောင်ဝကပင် မသိ။

သူက လျှို့ဝှက်ထိန်ချန်ထားခဲ့တာ အမရာလည်း အဝေးရောက်နေတော့ သိမှာမဟုတ် ပေါ့၊ သူကလည်း မသိစေချင်။

✳ ✹ ✳



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပွဲအတွက် အစစအရာရာ စီစဉ်နေရချိန်မှာ ခခ
ချမ်းမြေ့ပါသည်။ ထွဋ်က ဖေဖေမေမေတို့နှင့် အဆင်ပြေ
သည်။

ခခဆန္ဒအတိုင်း . . . အားလုံး လိုက်လျောရှာပါသည်။
ချစ်သူကို ခက အဲ့ဒီလောက် သဘောကောင်း ကြင်နာတတ်
ညီ မထင်ခဲ့။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခ အရမ်းပျော်ပါတယ် မောင် . . . မောင့်ကိုလည်း
ကျေးဇူးတင်တယ်"

မောင့်ပခုံးပြင်ကိုမွှေးရှိုက်ပြီး ခခ ဆိုမိ၏။ မင်္ဂလာဖိတ်စာ
အစ သတို့သမီးဝတ်စုံအဆုံး မောင်က အားလုံး 'ခ'သဘော
အတိုင်း ဖြစ်စေခဲ့၏။ 'ခ' ကသာ မောင့်အပေါ် တစ်မျိုး
မိတာပါ။

"ခ ..."

"ဟင် ... မောင် ပြောလေ"

"မင်္ဂလာလက်ထပ်ပွဲရော . . . လက်မှတ်ထိုးတာကို
တစ်ခါတည်းပဲ စီစဉ်ပါ" ဟု တစ်ခွန်းလဲ မောင်က တော
ဆိုသည်။

"အင်းလေ . . . မောင့်သဘောပါ"

"ခက ဘာမှား မလိုက်လျောစရာရှိလဲ"

မောင်က သည်တစ်ခုလေး တောင်းဆိုတာ မောင့်သ
မောင့်သဘော။

ခ၏ ကြည်နူးအပျော်လွန်သော မျက်နှာကလေးနှင့်
ကလေးကို တစ်ခါတစ်ခါတော့လည်း သနားသလို ဖြစ်
သူ ငိုင်တွေမိ၏။





သူ လက်စုံ့ပြန်တာ လွန်သွားပြီလား၊ သူမှားများနေပြီ
ားဟု တစ်ခါတစ်ခါလည်း တွေးမိ၏။ ကိုကိုနှင့် ညီမလေး
သေဆုံးရတာ ထိပ်ထားခခကြောင့်ဟု ယူဆလို့ ရပေမယ့်
ကယ်တမ်း သေလောက်အောင် ခခက လုပ်ခဲ့တာမဟုတ်ပါ။

ခခနှင့် စကားများပြီး ကားကို ဒေါသတကြီးမောင်းလာ
သာ ကိုကို့ဘေးမှာ ညီမလေးကလည်း ငိုကြွေးခံစားနေတော့
ကို့စိတ်တွေက မတည်ငြိမ်ဘဲ တည့်တည့်ဝင်လာသောကားကို
ရှောင်နိုင်ခဲ့တာ။

, အရင်းစစ်ရင်တော့ ထိပ်ထားခခမှာ အပြစ်အရှိဆုံးပါပဲ။
ခခကြောင့်သာ သည်လိုတွေ ဖြစ်ခဲ့ရတာကိုး။

သူ . . . ထိပ်ထားခခကို ခွင့်လွှတ်လို့ ရတယ်ပဲ ထားဦး
တော့ . . . လက်ထပ်လို့တော့ လုံးဝမရပါ။ ဒါဟာ လုံးဝ
ဖြစ်နိုင်။

သည်လောက် လက်ထပ်ပွဲဟာ ကျနခမ်းနားစွာ စီစဉ်ပြီးမှ
ပ်ရမယ့်ပွဲပါပဲ။

အဲဒါကျိန်းသေ . . .

လက်ထပ်ပွဲပြီးသွားလျှင် သူ ခခကိုလုံးဝမေ့လိုက်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အမရာနှင့် ဘဝသစ်တစ်ခုကို လှပစွာ ထူထောင်တော့မည်

အမရာက သူ့ကို လက်ခံမှာပါ။ သူ့အပေါ် နားလည်မှာ
သူ ယုံကြည်မိပါသည်။ မျက်လုံးချင်း စကားပြောနေပြီ
မဟုတ်လား။ မျက်လုံးဆိုတာ နှလုံးသား၏ တံခါးနှစ်ချပ်ပါပဲ

"မောင်"

"ဟွန်"

"မေးနေတာ မဖြေဘူး"

"ဘာမေးတာလဲ"

သူ အတွေးလွန်နေတာမို့ . . . တကယ်မကြားပါ။

"လှလား လို့"

"လှတာပေါ့ အရမ်းလှတယ်၊ လှလွန်းလို့ မောင်ငေးသွ
တာ တကယ်ပါ"

"စောစောက ပုစွန်ဆီရောင်ကလေးနဲ့ ဘယ်ဟာပိုလိုက်
ဟိုအရောင်ကလေးက အရောင်ဆန်းလေးနော် . . . မော
ဒီအဖြူရောင်က ရိုးနေပြီ။

"အဲဒီလိုတော့ မဟုတ်ပါဘူး . . . သတို့သမီးဝတ်စုံ
အဖြူပဲဝတ်ကြတာ အစဉ်အလာပဲ . . . ရွေးထုံးပေါ့"





"မောင်က အဖြူဝတ်တာ ပိုကြိုက်လား"

"ခခသဘောပါ"

"မောင့်သဘောကရော"

"ခခသဘောဟာ မောင့်သဘောပါပဲ"

အဲဒီလောက်ထိ အလိုလိုက်ပြီး . . . ချစ်တဲ့ ချစ်သူမျိုး
ရှာကြည့်စမ်းပါဦး။

"ခခ အလွန်ကံကောင်းလို့တွေ့တာ"

"ရွေးရခက်နေရင် နှစ်မျိုးစလုံး ယူလိုက်ပေါ့။ အဖြူက
သို့ခံပွဲမှာဝတ် . . . ဟိုအရောင်ကလေးက ညဘက်ဒင်နာမှာ
တ်ပေါ့"

မောင်က အရမ်းတော်သည်။ စီမံပေးတာ အံဝင်ခွင်ကျ။

"ကျေးဇူးပဲမောင်"

ထိုစကားကို မကြာခဏ ပြောဖြစ်ပါသည်။

တကယ်ရင်ထဲက လှိုက်လှိုက်လှဲလှဲပါ။

မောင့်ကို ခခအကဲခတ်တာ မှားသွားခဲ့ပါပြီ။ ခကို မောင်က
က်မထပ်ချင်သလိုလို အင့်တင်တင်နှင့် ရှောင်ဖယ် ရှောင်ဖယ်
ထင်ခဲ့မိတာ။ တကယ်တော့ မောင်က ဝမ်းသာအားရ စိတ်ပါ
တ်ပါ ခကို လက်ထပ်ချင်ပါရောလား . . .။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ် ခခဘက်ကလည်း မောင့်အပေါ် သည့်ထက်သည့်ထက် နားလည်အောင် ကြိုးစားသွားမှာပါ။

မောင့်အပေါ် သံသယလည်း မထားတော့ဘူး၊ အလုံးယုံပစ်လိုက်မယ်။

ယုံမိလို့ ရလာမယ့် နောင်တကိုလည်း . . . ခခမကြောက်တော့ဘူး။

ပစ်ယုံခွင့်ကို ပေးပါ မောင်။

ခက မောင့်အပေါ် မသက်ာစိတ်တွေ ဝင်ခဲ့မိသူမို့ပါ။

✻ ✹ ✻



သည်နေ့ ခခ၏ မင်္ဂလာရက်မြတ်မို့ မနက်အစောကြီးနိုးလာခဲ့ပါသည်။ နိုးလာတယ်သာပြောတာ တစ်ညလုံး စိတ်တွေလှုပ်ရှားပြီး အိပ်မပျော်ခဲ့။

မောင်နှင့်လည်း ဖုန်းပြောဖြစ်ပါသည်။

ခခ မောင့်ကို အရမ်းချစ်တယ်ဟု တဖွဖွ ပြောခဲ့သည်။ အိပ်မရဘူးမောင် ဟုလည်း ညည်းညူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်က ခကို သီချင်းဆိုပြီး သဲပဲသည်။ မောင့်သီချင်း ကြောင့်ပဲ ခခ တစ်ခဏ မေ့းခနဲ အိပ်ပျော်သွားတာ . . .

မောင်က အလိုက်တသိနှင့် မနိုးပါ။ ခခအဖြစ်က ရယ်စ ကောင်းနေသား . . .။

ဝေးမလိုလိုနှင့် နီးခွင့်ရသွားသောအလှည့်အကြောင်း အရမ်းအံ့အားသင့်ရင်း ရင်ခုန်လှိုက်မောနေမိပါသည်။

အားကိုးလိုက်ရတာ . . .

ချစ်လိုက်ရတာ . . .

ယုံကြည်လိုက်ရတာ မောင်ရယ် . . .။

အခုအချိန်မှာ ခခအပျော်ကို ဘယ်သူမှ မီနိုင်မယ်မထ ဘူး . . .။

မနက်စောစော ကော်ဖီသောက်နေတုန်း မမဆီက ဖုန်း လာခဲ့သည်။

"မြန်လှချည်လား ခ . . . နင်အငယ်လေ" ဟု မမ မကျေနပ်စွာ ရေရွတ်သည်။

"ငါ . . . ပြန်လာတာတောင် မစောင့်ဘူးလား" တဲ့။

" မမ . . . ခမင်္ဂလာပွဲအမီ ပြန်လာဖို့တော့ ကောင်း တယ်နော်"





ခခကလည်း တာဝင်မကျေတာ . . . ပြန်ပြောသည်။

"သင်တန်းမှ မပြီးသေးတာ"

"ခဏလာပေါ့"

"လာလိုက် သွားလိုက် မလုပ်ချင်ပါဘူး"

"ပြီးရော . . . မလာလည်းနေ"

"ခခ"

"ဟင်"

"နင် ပျော်နေလား"

"အင်း"

"ချောရဲ့လား"

"မမဆီ ဓာတ်ပုံပို့လိုက်မယ်"

"အေး . . . မြန်မြန်လုပ်၊ အခု ပို့လိုက်လေ . . ."

"နေပါဦး . . . ကော်ဖီသောက်ပါရစေဦး"

ထိပ်ထားမမက . . . ချက်ချင်းကြည့်ချင်လှပါပြီ။ ခခ ညီလောက်မြန်မြန် လက်ထပ်ဖြစ်လိမ့်မည် မထင်ခဲ့ပါ။ ... နည်းမကျ အံ့သြနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက်ပြီး ဓာတ်ပုံပို့လိုက်မယ်"

"အင်း . . . ငါစောင့်နေမယ်"

"အင်းပါ"

ထိပ်ထားခခ၏ အသံကလေးက ရယ်ပြုံးရွှင်ပျနေပါသည်။ အပျော်လွန်နေတာ သိသည်။

"မမ"

"ဟင်"

"ညီမလေး အရင်လက်ထပ်တာ ကျေနပ်ပေးနော်"

"မကျေနပ်ပါဘူး"

ထိပ်ထားမမက ရယ်ရင်းဖြေပါသည်။ ပြီးမှ . . .

"ကျေနပ်ပါတယ် ခခရယ်။ ငါက ဘာလို့ မကျေမနပ်ဖြစ်ရမှာလဲ . . . အရမ်းဝမ်းသာပါတယ်။ မမက အေးလွန်းတဲ့ ခ[ခ] အပျိုကြီးဖြစ်သွားမှာပဲ စိတ်ပူနေတာပါ"

"အင်း . . . ဟုတ်တယ်"

မမနှင့် ဖုန်းပြောနေတုန်းမှာပဲ မောင်ရောက်လာခဲ့ပါသည်။ ခခက ဖုန်းချပြီး မမဆီ ဓာတ်ပုံပို့ဖို့ပင် မေ့ကာ ဝမ်းသာအား[ရ] ကြိုမိ၏။





"မောင် . . . ခ,ဖုန်းပြောရင်း အိပ်ပျော်သွားတယ် . . . မောင်သိလား"

"သိတာပေါ့ . . . ခ, အိပ်သွားမှန်းသိလို့ မောင် အသံမပြုဘဲ နေလိုက်တာ"

မောင်က ခ,ကို စိုက်စိုက်ကြီးကြည့်ကာ ငြိမ်သက်နေ၏။

"ဘာလဲ မောင်ရဲ့"

ခ, မလုံမလဲ မေးမိ၏။

ညအိပ်ဂါဝန်ရှည်က သိပ်များ ပါးနေလို့လား . . . အပေါ်အစ်ထပ်ကို မောင်ရောက်လာတော့ ခ,ကပျာကယာ ထပ်စွပ်လိုက်တာ . . . မောင် ဘာလို့ငေးစိုက်ကြည့်နေရတာလဲ . . . မောင့်မျက်နှာလည်း မကောင်းပါလား။

"မောင်"

"ဟင်"

"ဘာလို့လဲ မောင် . . . မျက်နှာပျက်နေသလိုပဲ"

"မဟုတ်ပါဘူး . . . ညက အိပ်မပျော်လို့ပါ"

မောင်က ခခကိုယ်လေးကို ဆွဲယူယှက်သိုင်း ပွေ့ဖက်ကာ သက်ပြင်းရှိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခခ မောင့်ရင်ခွင်ထဲမှာ ငြိမ်သက်နေမိ၏။

တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်ကာ စက္ကန့်ပေ
မိနစ်ဖြစ်သွားသည်။

ခဏကြာတော့မှ . . . ခခက မောင့်ရင်ခွင်က ရုန်းထွက်
ပြင်၏။

မောင်က ခွင့်မပြုဘဲ ပြန်ဆွဲကပ်ပြီး တင်းကျပ်စွာ ဖက်ထ
သည်။

ခ,ကို မောင်နှုတ်ဆက်နေပါလား . . .

ဒါ . . . နောက်ဆုံးပါလားဆိုတာ ဘုရားစူး အဲဒီအချိန်
ခ, မသိခဲ့သေးပါ။

ခခလည်း မောင့်ရင်ခွင်မှ ခွတ်ရုန်းဖို့ မကြိုးစားဘဲ မော
ရင်ခွင်မှာ ငြိမ်သက်စွာ မှေးမှိန်နေမိပါသည်။

တစ်ယောက်ရင်ခုန်သံကို တစ်ယောက်ကြားနေရပါသည်

"မောင်"

"ဟင်"

"နောက်ကျနေတော့မယ် . . . ခ, ဘာမှ မပြင်ရသေးဘ
ရေချိုးပြီး ဘုရားရှိခိုးရဦးမယ်။





"အင်း . . . ခဏလေးပါ ခခရယ်၊ မောင်မလွှတ်ချင်
သေးဘူး၊ အချိန်တွေ အများကြီးရှိပါသေးတယ်။

ထွင့်က ထိပ်ထား ခခ၏ ကိုယ်လေးကို မလွှတ်စတမ်း
ထားကာ တောင်းဆို၏။ သည်တစ်ခါ နောက်ဆုံးဖြစ်မယ်
င်ပါရဲ့ . . . သည်ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဖက်ထွေးထား
တာ . . .

ခခရယ် တကယ်တမ်းကျတော့ မောင် အသည်းတွေ
အက် နာကျင်ကုန်ပါပြီ။ မောင်ခံနိုင်ရည်မရှိဘူး။

မောင့်ရင်ထဲမှာ နင့်နေအောင် ထိခိုက်နာကျင်နေရ
တယ်။

မောင်လည်း ရင်အနာခံပြီး လက်တုံ့ပြန်ရတာပါ . . .
ကိုနဲ့ ညီမလေးအတွက် . . .

မောင်တို့ ဘာလို့ ဒီလိုဆုံကြရတာလဲ . . . ဘာလို့
ဖြစ်ဆိုးနဲ့ ချစ်ခွင့်ရတာလဲကွာ၊ ကိုကိုနဲ့ ညီမလေးကို အသက်
အောင် ဒုက္ခပေးခဲ့တာ ဘာလို့ ခခဖြစ်နေရတာလဲ။

မောင် . . . ခကိုချစ်တယ်။

သိပ်ချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဘူးလို့ အံကြိတ်အားခဲထားရင်းကနေ အဆမတန်ချစ်မိသွားတာ . . . ထိန်းချုပ်လို့ မရတော့တာ . . .

နီးစပ်ကြဖို့ မဖြစ်နိုင်မှန်းသိနေတဲ့ကြားက အရမ်း ပြင်းပြင်းထန်ထန် ချစ်မိသွားခဲ့တယ် ခ,ရယ် . . .

ခ,က မောင့်ကိုနောကြည်းခါးသီးမှာ၊ မေ့သွားမှာပါ။ ဒါပေမဲ့ မောင်ကတော့ . . .

ခခကို သူ ဖွဖွ နမ်းရှိုက်မိ၏။

ရင်ထဲမှာ လိုက်လှဲစွာ ချစ်မိသူကို အရှက်တကွဲ အကျိုးနည်းဖြစ်ရအောင် လုပ်ရမှာ သူ အရမ်းခံစားရပါသည်။

ဒါပေမဲ့လဲ . . .

ထွဋ်က ခခကိုယ်လေးကို လွှတ်လိုက်၏။

ရင်ထဲကနှလုံးသားကိုဆွဲထုတ်လိုက်သလို ဟာခနဲ ဖြစ်သွားရသည်။

သည်နေ့တော့ . . . တကယ်ဇာတ်သိမ်းပြီ။

ရန်သူတွေလို ပြန်တွေ့ကြရင် . . . မင်း ငါ့ကို မတူမတန်သလို ဆက်ဆံလိုက်ပါတော့ . . .

✻✺✻



"သမီးလေး"

"ရှင် . . . မေမေ"

ခခက အလှပြင်နေရင်းက မေမေ့ကို လှမ်းကြည့်၏။

မိတ်ကပ်ဆရာက အပြီးသတ် . . . လိမ်းခြယ် ပြင်ဆင်ပေးနေတာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပြီလား . . ."

"ဟုတ်"

"မောင်ထွဋ်ရော"

"ဟင်အင်း . . . . ဒီအခန်းထဲမလာဘူး မေမေ"

"ဟုတ်လား"

မေမေက မောင့်ကို လိုက်ရှာနေပုံပင် . . .

မင်္ဂလာဆောင်ခဲ့ပွဲကျင်းပမယ့် ဟိုတယ်မှာပဲ လက်မှတ်ရေးထိုး တာရော လုပ်မှာမို့ . . . သည်မှာပဲ အလှပြင်တာ အဝတ်အစား လဲတာတွေ လုပ်ဖို့ စီစဉ်ထားသည်။

"သတို့သားက ဘာမှလာမလဲသေးဘူး၊ နောက်ကျနေပြီ မြန်မြန်ခေါ် လာခဲ့လေ . . ." ဟု မိတ်ကပ်ဆရာက ဆိုတာ မေမေက ပြန်ထွက်သွား၏။

ဘာရယ်ကြောင့်မသိ၊ 'ခ' စိတ်တွေ လေးလာမိသလိုပ စောစောတုန်းကတော့ . . . မောင့်ကားပေါ် တင်ထားသော လက်ဝတ်ရတနာဘူးကို ယူဖို့ မောင်က ကားသော့ လာပေး ပါသည်။





လက်ထပ်လက်စွပ်ရော . . . မင်္ဂလာဆောင် စံပယ်ပန်း ဘူးရော မောင့်ကားထဲမှာ ယူရဦးမှာမို့ မောင်က ကားသော့ ပေးထားခဲ့တာပါ။

"သမီး"

"ရှင် မေမေ"

"မောင်ထွဋ်ကို ရှာမတွေ့ဘူးကွဲ့"

ဖေဖေကပါ ခခအနီး ရောက်လာပြီး . . .

"ဖုန်းနံပါတ်ပြော . . . ဘယ်လျှောက်သွားနေမှန်း မသိဘူး" မောင့်ဆီ ဖုန်းဆက်ပါသည်။

"ဟ . . . စက်ပိတ်ထားတယ် တဲ့"

ဖေဖေက မကြိုက်သလို ရေရွတ်သည်။

မေမေက မျက်နှာပျက်နေပါပြီ။

"ငါ ဟို ဒီ ရှာကြည့်မယ်၊ မင်း ဒီလောက်ပူမနေနဲ့၊ အလှ ထားမယ်၊ မင်းသမက်လောင်းက ဒီနားမှာပဲ ရှိမှာပါ အမေကြီး ယ် . . ."

ဖေဖေက မေမေ့ကို နှစ်သိမ့်ပြီး . . . ပြန်ထွက်သွား၏။

တော်ကလေးကြာအောင် ဖေဖေနှင့်မေမေပါ ခခအနားသို့

www.burmeseclassic.com



ရောက်မလာကြပါ။ ခခက ပင့်သက်ရှိုက်ပြီး မတ်တတ်ရပ်လ
၏။ မိတ်ကပ်ဆရာက ...

"တဲ့ ... သတို့သမီး ... ဒါဘယ်လဲ၊ မပြီးသေး
ဟု လှမ်းအော်နေသေးသည်။

"ခခ ... သတို့သားကို လုံးဝရှာမတွေ့ဘူး တဲ့"
သူငယ်ချင်းတွေက ပြေးလာပြောကြပါသည်။

ခခက မျက်နှာမပျက်အောင်ထိန်းကာ ... မောင့်ကာ
လျှောက်လာခဲ့သည်။

ကားသော့နှင့် ကားတံခါးဖွင့်ပြီး ကားထဲ ဝင်ထိုင်
လက်စွပ်ဘူးကလေးကို ဆွဲယူလိုက်၏။ စံပယ်ပန်းရနံ့
ကားထဲမှာ လှိုင်လှိုင်မွှေးနေပါသည်။

ခခက စိတ်အေးအေးထားပြီး ... လက်စွပ်ဘူးကလေ
ဖွင့်ကြည့်သည်။

မောင် ...

'ခ' ကို မစနဲ့နော် ...

ခ,က မောင့်ကို အကြွင်းမဲ့စွာ ယုံကြည်ထားတာ ...

မောင် နောက်ပြောင် ကျီစယ်တာကို ခ,က သွေ
ထိတ်လန့်လိမ့်မယ် ထင်သလား။





ခခက ရင်ထဲ ပေါ့ပါး နေသာအောင် တွေးမိခိုက် ...

"ခခ ... သတို့သားကို တက်စီတစ်စီးပေါ် တက်သွားတာ
တွေ့လိုက်တယ်" တဲ့။

လေဒီရှူးတဂွပ်ဂွပ်နှင့် မမောနိုင်၊ မပန်းနိုင်ပြေးလာသော
သူငယ်ချင်း၏မျက်နှာမှာ မိတ်ကပ်နှင့်ချွေးတွေ ရောစိုကာ နေပြီ။
ထံကလည်း တုန်ခိုက်စွာ ...

ယင် ...

သူငယ်ချင်းမျက်နှာက ခခမျက်လုံးထဲ ဝေဝါးသွားသလို
င် ...။

ခခခေါင်းထဲ မိုက်ခနဲ ပြာဝေသွားပါရောလား၊ ရင်ထဲမှာလဲ
လှုပ်လှုပ်နှင့် ...

လက်ထပ်လက်စွပ် ထည့်ထားသော ဘူးကလေးကို
ရှိဘုတ်ထဲထည့်ဖို့ ခခကြိုးစားမိပါသည်။

'ခ'၏အရှုံးကို ဘယ်သူမှမမြင်စေချင်။ ဘယ်သူ့ရှေ့မှာမှ
ရှုတ်မကွဲချင်။ ဖေဖေနှင့် မေမေကို 'ခ'ဘယ်လိုရင်ဆိုင်ရမလဲ၊
စာတွေ မော်ကြွားစွာဝေထားသော မင်္ဂလာပွဲကြီး ...။

ခခ လက်တွေ တဆတ်ဆတ်တုန်နေ၏။ ဘယ်လိုလဲ ...
ထိန်း စိတ်ထိန်း။



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချား တုန်လှုပ်မှုက လျော့နည်းမသွား၊ လက်စွပ်
ကလေးကို ဒက်ရှ်ဘုတ်ထဲ ထည့်ပြီး ပြန်အပိတ်မှာ ခခြေ
ပေါ်တွင် တစ်စုံတစ်ခုကဖျတ်ခနဲပြုတ်ကျလာ၏။ ခခကငုံ့
မိသည်။

အမယ်လေး . . .

" T " ပုံစံ လော့ကက်နှင့် ဆွဲကြိုးတစ်ကုံးပါလာ၊
ကူရှင်ကိုမှီချကာ မျက်လုံးစုံမှိတ်လိုက်၏။

"ခခ . . . နင် ရရဲ့လား"

သူငယ်ချင်းက လက်ကို ဖမ်းဆွဲသတိပေးသည်။ ခ
တိုးတိုးကလေး တစ်ခွန်းပဲ ပြောလိုက်၏။

"ဖေနဲ့မေကိုပြောလိုက်ပါ၊ မောင့်ကို ရှာမနေပါနဲ့တော့

ထိုစကားစုလေးပြောပြီး ခခ စိတ်လျှော့လိုက်၏။

"ခခ . . . ခခ . . . အမယ်လေး . . . လာကြ
ဒီမှာ သတို့သမီး သတိလစ်သွားပြီ။

ခခ၏သူငယ်ချင်းက အကျယ်ကြီး အသံပြာနှင့် အော်
အကူအညီတောင်း၏။

ရင်မဆိုင်ရဲသော မင်္ဂလာပွဲကို ခခ ရှောင်ပုန်းသွားခဲ့





မောင့်ရက်စက်မှုတွေကို ခ ခံနိုင်ရည်မရှိပါ။
ခအဖြစ်ကို မြင်လှည့်ပါ မောင် . . .
ဘာအပြိုးနဲ့ ဒီလိုရက်စက်ရတာလဲ မောင် . . .
'ခ' သိအောင် ပြောပြပါ။

✻ ✹ ✻



www.burmeseclassic.com

www.burmeseclassic.com

သူ အိမ်ပြန်ရောက်တော့ တော်တော်ညဉ့်နက်နေပါပြီ။ …ာနှင့် ဒေါ်ကြွေပင် အိပ်နေခဲ့ပြီ။

အိမ်တံခါး သူ့ဟာသူ ဖွင့်ဝင်ပြီး ဧည့်ခန်းမှာခြေပစ်လက်ပစ် …ချမိ၏။

ဟူး . . .

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မွန်းကျပ်မောပန်းလွန်းလှ၏။ သည်နေ့ အား
ထွေက ကုန်ခဲလွန်းလှသည်။ တစ်နာရီချင်း တစ်နာရီချင်းသ
သူ့အတွက် ခက်ခဲပင်ပန်း ဆင်းရဲလွန်းပါသည်။

ဖုန်းပိတ်ပြီး ရှောင်ပုန်းနေခဲ့တာ . . . ခဓအပေါ် ထ
တုံ့ပြန်ခြင်း၏ ဖာတ်သိမ်းခန်းပါပဲ။

ကိုကိုနှင့် ညီမလေးအတွက် ခံစားနာကျင်ရတာတွေ
ချုပ်ခဲ့ပါပြီ။

သူ့အသည်းကွဲခဲ့ရတယ် ဆိုရင်တောင် တန်ပါသည်။
ငါ့ဘဝထဲက အပြီးအပြတ်ထွက်ခွါသွားပါတော့ . . . မေ့ပစ်လို
ချင်ပါပြီ။

ဖုန်းမြည်သံကြောင့် သူ ဆတ်ခနဲ ဖြစ်သွားရပါသည
ဘယ်ကဖုန်းလဲ . . . ဘယ်သူ့ဖုန်းများလဲ . . .

သူ ဖုန်းရှိရာ လျှောက်သွားပြီး ထူးလိုက်၏။

"ဟက်လို"

"ကိုထွဋ်လား"

အမရာ့အသံပါလား . . . သူ့အပေါ် မကျေနပ်
ပေါ်လွင်နေ၏။ ခေါ်သံကမချိုသာဘဲ မာဆတ်ကာ တောင့်
နေ၏။





"ဟုတ်တယ်"

"ခေါ်နေတာ တစ်နေ့လုံးပဲ . . . *Hand Phone* ကို ဘာလို့
ပိတ်ထားတာလဲ"

"ဒီလိုပါပဲ"

အမရာက ဟွန့်ဟု မကျေမချမ်းရေရွတ်ပြီး . . .

"အခုမှ ပြန်လာတာလား . . . ဘယ်လျှောက်သွားနေ
တာလဲ" ဟု စစ်ဆေးမေးမြန်းလာ၏။

"ဒီလိုပါပဲ"

သူ့ဖြေပုံက အသက်မပါ။ အင်တင်တင်နှင့် . . .

"ကိုထွဋ်"

"ဗျာ"

"ဘာလို့ အေးစက်စက် ဖြစ်နေရတာလဲလို့"

"မဟုတ်ပါဘူး"

"မေးစရာရှိတယ်"

"မနက်ဖြန်မှ မေးပါလား"

"ဟင့်အင်း . . . မမေးဘဲ မအိပ်နိုင်လို့ ထိုင်စောင့်နေတာ၊
မေးမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . မေးလေ"

ထွန်းတ မတတ်သာဘဲ ခွင့်ပြုလိုက်၏။

"ဘာလို့ ထိပ်ထားခခနဲ့ တွဲနေရတာလဲ"

အမရာမေးခွန်းက သူ့ကို လန့်သွားစေ၏။

အမရာ ဘယ်လို သိသွားတာလဲ။

"ကိုထွန်းရယ် ... ရှင့်အစ်ကိုနဲ့ ရှင့်ညီမ ခံစားခဲ့ရတာတွေ မေ့သွားပြီလား ဟင် ... အရမ်းအံ့သြတယ်။ ယုံတောင် မယုံချင်ဘူး သိလား။

အမရာက သူ့ကို ခါးသီးစွာ ဝေဖန်လာ၏။

"ထိပ်ထားခခနဲ့ မဆိုင်ဘူး ဆိုပေမယ့် သူတို့က ညီအစ်မအရင်းပဲလေ ... ထိပ်ထားမမကြောင့်ဆိုပေမယ့်..."

ထွန်းက ရုတ်တရက် အမရာ့စကားကို နားမလည်နိုင်အောင်ပါ ...။

"ခခက ကိုရဲ့ချစ်သူ မဟုတ်ဖူးလား"

"ဟင် ... မမနဲ့ ခခကို ထွန်း သေချာမသိဘူးလား ... ရှင့်အစ်ကိုရဲ့ချစ်သူ ထိပ်ထားမမက နိုင်ငံခြား သွားနေတယ်လေ . . .။





"ဩော်"

ဟန်မပျက် ဩော် ဟု ရေရွတ်လိုက်မိသော်လည်း သူ့ရင်ထဲမှာ ပြောင်းဆန် ခါယမ်းသွားရပြီး၊ တဝုန်းဝုန်းနှင့် လှိုင်းလုံးတွေ ရိုက်ခတ်မြည်ဟည်းနေ၏။

သွားပြီ . . .

သူ ဘာတွေ လုပ်မိပြီလဲ . . .

ထိပ်ထားခခမှာ ထိပ်ထားမမဆိုသော အစ်မတစ်ယောက်ရှိသတဲ့လား . . .

သူက အရာရာကို သိသိပ်လျှို့ဝှက်စွာ စီစဉ်လုပ်ရှားခဲ့တာမဟုတ်လား။

တစ်ယောက်ယောက်သိသွားပြီး သူ့အကြံအစည်ပျက်မှာကြောက်လန့်နေခဲ့တာပါ။

ဘယ်သူ့ကိုမှ အသိမပေးခဲ့၊ အသိမခံဝံ့ခဲ့ပါ။ အခုတော့ အကြီးအကျယ်မှားသွားခဲ့ပြီ။

အလုံးအရင်းနှင့် ဆောင့်တက်လာသော နောင်တအမောသည် သူ့ရင်ကို ဆို့နင့်သွားစေခဲ့ပြီ။

ဖြစ်မှ ဖြစ်ရလေ ခခရယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လို လျှော်ပေးရမလဲ . . .။

သူက ထိပ်ထားခခကို နှင့်နှင့်နဲနဲပြစ်မှားမိခဲ့ပြီ။ သူ ဘာတွေ စတေးစတေး ပြန်အဖတ်ဆယ်မရနိုင်။

သူ့အပြစ်က မိုးလောက်ကြီးသွားခဲ့ပြီ။ အခုလောက်ဆို ခခ ငိုနေမလား . . .။

ခခရင်ထဲမှာ ဘယ်လောက်ထိအောင် နာကျင် မျက်မှ သွားရှာမလဲ၊ တုန်လှုပ်ခြင်း၊ ကြေကွဲခြင်းက မုန်းဆလို့ရသည်

ကိုယ် လုံးဝ ညှံ့ဖျင်းစွာ မှားသွားခဲ့ပြီကွာ . . . ကိုယ့်ကို မုန်းလိုက်ပါ . . . မေ့လိုက်ပါ၊ နာကြည်းလိုက်စမ်းပါ။

ဟာ . . . မဟုတ်သေးဘူး။

မင်းကိုယ့်ကို မမုန်းရဘူး ခခ . . .

အမြဲချစ်ရမယ်၊ ကိုယ့်ကို မမုန်းရဘူး။

ကိုယ် တောင်းပန်ပါတယ်။

မောင့်ကို မုန်းမေ့မသွားပါနဲ့ . . .

ဒူးထောက် တောင်းပန်မှ ကျေနပ်မယ်ဆိုလည်း ကိုယ် လုပ်နိုင်ပါတယ်။ မင်းဘက်က ခွင့်လွှတ်ရင် ပြီးရော . . .

သူ အရမ်း ဝေ့ာဘာကြီးနေမိပြန်သည်။

ဉာဏ်ဝင်းစာပေ



ခခကို မစွန့်လွှတ်နိုင်။ လက်မလွှတ်နိုင်။ ကိုယ့်ရင်ထဲ မှာလည်း အရမ်းကို နာကျင်နေခဲ့တာပါကွာ၊ ယုံပေးပါ . . . ကိုယ်လည်း အားတင်းအံခဲ့ပြီး ကျော်ဖြတ်ရတာပါ။

မင်းကို ထားရစ်ဖို့ ကိုယ်သေလုမျောပါး ကြိုးစားခဲ့ရတာပါ။

ကိုယ့်အစ်ကိုနဲ့ ညီမလေးကြောင့်သာ မဟုတ်ရင် ကိုယ် ဒီလို . . . ဒီလောက်ထိ မမိုက်ရိုင်းပါဘူး။

ကိုယ့်ရဲ့ တုံ့ပြန်မှု အားလုံးဟာ မင်းအတွက် ရင့်သီး ကြမ်းတမ်းသော စော်ကားမှုတွေ ဖြစ်ခဲ့ရပြီ။

"ကိုထွဋ်"

အမရာ့ခေါ်သံကြောင့် သူ ဖုန်းကိုချလိုက်ပြီး ဖုန်းကြိုးကို ဆွဲဖြုတ်လိုက်၏။

အုတ်နံရံကို မှီချထိုင်လိုက်ပြီး ခေါင်းကို လက်နှစ်ဖက်ဖြင့် ဘတ်ထားပါသည်။

ရင်ထဲမှာ မချိမဆံ့ ကတုန်ကယင်ကြီး . . .

သူ ဖြေလို့မရ။

ဆိုးရွားလွန်းသော ဝေဒနာက ပြင်းထန်စွာ ရိုက်ခတ် နေ၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖအား ... အား ... ကိုယ်အရမ်းမှားတယ်။ သိပ်မှားသွားတယ် ...။

သူ့ အကျယ်ကြီး အော်မိ၏။

သူ့ဘဝမှာ ထိုမျှလောက် ရင်နာပြီး အနေခက်တာမျိုး မကြုံခဲ့ဖူးပါ။

လူးလူးလှိမ့်လှိမ့် ကြေကွဲလှိုက်မောမိပါ၏။

*✹*



သုံးရက်ခန့် ကြာပြီးနောက် . . .

သူ လုံးဝ နေလို့မရပါ။

ရိုက်ချင်လည်းရိုက်၊ သတ်ချင်လည်းသတ်၊ ကြိုက်သလို ... အပြစ်ပေးပါတော့ ... ဟု တွေးကာ 'ခခ' ရှိရာ 'ခခ'တို့ ...တို့ သူ အရဲစွန့်ကာ လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သေလောက်အောင် မုန်းတီးနေကြမည့် အသိုင်းအဝိုင်းကို သူ ရဲရဲရင့်ရင့် ရင်ဆိုင်တော့မည်။

သူ ခခကို တောင်းပန်ချင်သည်။ ထပ်ပြီးအချိန်မဲဆွဲချင်

"မင်း . . . ဘာလာလုပ်တာလဲ"

ခခအဖေ၏ တင်းမာသော မေးခွန်း၊ ခက်ထန်သော မျက်နှာ . . .

"မင်း . . . ခုချက်ချင်းထွက်သွား . . . မင်းမျက်နှာ မကြည့်ချင်ဘူး။

ခခအမေ၏ ရင်ထုမနာ . . . တုန်ခိုက်သောနှင်သံ . . .

"ကျွန်တော် တောင်းပန်ပါတယ် . . . ခခနဲ့ တွေ့ပါရစေ ကျွန်တော် ပြောစရာလေးရှိလို့ပါ၊ ခွင့်ပြုပေးပါ။

"မပြောနဲ့တော့ကွာ . . . အားလုံး ပြီးသွားပြီ။ နာ လက်တံကို မင်းပြန်ရွှေ့လို့ ရတာမှ မဟုတ်ဘဲကွ . . .။

"မင်္ဂလာညှော့ခံပွဲကို ခခခေါင်းညိတ်ရင် . . . ကျွန်တော် အစကနေ ပြန်စီစဉ်မှာပါ . . ."

ထိပ်ထားခခ၏အဖေက နှုတ်ဆိတ်သွား၏။ သည်နေ မှာ သမီးသဲဘောထားက အရေးကြီးလာ၏။





သမီးက သည်သူငယ်ကို မျှော်လင့်နေတုန်းလား . . . နဲ့လက်ခံချင်မလား။

သူတို့ကြားက ပြဿနာကို သူတို့ဖြေရှင်းကြတာ ပိုကောင်း လား။

နောက်ပြီး စွန်းထင်းခဲ့သော အမည်းစက် . . . သမီးက ဒီသူငယ်နှင့် ဖိတ်စာရိုက်ခဲ့ပြီးသား . . . အရှက်ရခဲ့ပြီးသား။

"ဒီကောင့်ကို တွေ့ခွင့်ပေးလိုက်"

ခခအမေကို ခခအဖေက ပြောပါသည်။

"အို . . . ရှင် တော်ပါတော့ . . . ရှုပ်ရှုပ်ယှက်ယှက်၊ ပါဘူး . . . သူ့စကားတွေ၊ သမီးလေး ထပ်ပြီး စိတ်ဆင်းရဲ ပါမယ်"

ခခ၏မိခင်က ခွင့်မပြုချင် . . .

"ငါ့သမီး အငိုမတိတ်သေးဘူး၊ မျက်ရည်မခြောက်သေးဘူး၊ ပြန်ပါတော့ . . . ထပ်ပြီးမနှောင့်ယှက်ပါနဲ့ကွယ် . . ."

ထွင့်ရှိရင်ထဲ မွန်းကျပ်လာ၏။

သူဟာ အင်မတန်ကြောက်စရာကောင်းသော ယောကျ်ား ယောက် ဖြစ်ခဲ့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပဲ တွေ့ခွင့်ပေးပါ"

မရမက တောင်းပန်မိသည်။

ပေကပ်စွာနေရာမရွှေ့ ရပ်နေမိ၏။

"ခက်လိုက်တာ"

ခခ၏အမေက စိတ်ပျက်စွာကြည့်ပြီး လှည့်ထွက်သွား၏

သိပ်မကြာလိုက်ဘဲ သူ့ရှေ့မှာ လိမ္မော်ရောင်အရိပ်က‌ေ

ထင်ဟပ်လာ၏။

"ထိုင်ပါ"

ထိပ်ထားခခက အေးစက်စွာ ... ပကတိ တည်ငြိမ်

ပြီးတော့ သူစိမ်းဆန်လှစွာ ... ဟာ ... အဲဒီလိုတော့ မဆက်

လိုက်ပါနဲ့ 'ခ'ရယ် ... မောင် ... မောင် ရူးသွားလိမ့်မ

မောင့်ကို ဥပေက္ခာမပြုလိုက်ပါနဲ့။

ဆွယ်တာသားလို ပျော့အိပြီး ... ကိုယ်မှာကပ်နေသေ

ဂါဝန်ရှည်ကလေးက ဒူးဆစ်ဖုံးရုံလောက် ရှိမည်။

ခခ ... နည်းနည်းကလေး ပိန်သွားသလား ... ဘီးကု

တပ်ထားတော့ ဆံပင်တွေ မျက်နှာပေါ် ပြောင်ရှင်းပြီး ခခ

ပုံစံကလေးက လူကြီးဆန်သွားသလိုပင် ...။





အေးဆေးတည်ငြိမ်နေလိုက်တာ 'ခ' ရယ် ... မောင့်ကို

တွေ့ပါ၊ ရိုက်ပါ၊ ထုပါ ... တစ်ခုခုတုံ့ပြန်ပါ၊ ဒါမှ မောင်

သာမှာ။

"ခခ"

"ထိုင်ပါ ... ရှင်ပြောတာအားလုံး ကျွန်မ နားထောင်ပေး

ပါ ဖြည်းဖြည်းပေါ့ . . .

ထိပ်ထားခခက မျက်နှာချင်းဆိုင်ဆိုဖာမှာ ဝင်ထိုင်လိုက်၏။

"မောင် အများကြီး မပြောပါဘူး၊ ခခကို မောင် အရမ်း

ဘယ်"

ခခ၏မျက်နှာမှာ ဘာမှ ထူးကဲစွာ ပြောင်းလဲမသွားပါ။

တားကို စိတ်ထဲမထားပုံနှင့် ဟန်မပျက်ရှိနေ၏။

"ခခကို မောင် လက်ထပ်ပါရစေ"

ထိပ်ထားခခက သူ့ကိုကြည့်၏။

"တစ်ခါအညာခံရရင် ညာတဲ့သူအပြစ်တဲ့ ... နှစ်ခါ အညာ

ရင် အညာခံရတဲ့သူရဲ့ အပြစ် ... တဲ့"

"ဒီတစ်ခါ မောင် မညာပါဘူး"

"ဟုတ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ခခက ခါးသီးစွာ ရယ်သည်။

"ဒီသုံးရက်အတွင်းမှာ ရှင် ကျွန်မကို ဘာလို့ ခုလိုလုပ် သလဲ ဆိုတဲ့ အကြောင်းရင်းအမှန်ကို ကျွန်မလဲ စုံစမ်းသိ ပါပြီ"

ခခက သူ့ကို လက်ကာပြပြီး ဆက်ဖြေ၏။

"ကျွန်မ စကားဆုံးအောင် နားထောင်ပေးပါ။ ကျွန်မအဖေ ကြောင့် ရှင့်အစ်ကိုနဲ့ ရှင့်ညီမလေး ဒုက္ခရောက်ခဲ့ရတယ်၊ သေခဲ ခဲ့ရတယ်။ ကျွန်မအမေက ရှင့်အစ်ကိုရဲ့ ချစ်သူဖြစ်ရက်နဲ့ ရှ ညီမလေးရဲ့ချစ်သူကို လုယူပြီး ပြဿနာတွေ အကြီးအကျ တက်ခဲ့ရတာကို ကျွန်မသိပြီးပါပြီ။ ကျွန်မကျေနပ်ပါတယ်။ မ အကြွေးကို . . . ရှင်က ကျွန်မအပေါ်မှာ ပိုပိုသာသာနင့်နင် တောင်းခဲ့ပြီးဖြစ်လို့ ကျေနပ်လိုက်ပါ။ အခုချိန်ကစပြီး ဘယ် ဘယ်သူမှ ဘာအကြွေးမှ မရှိကြတော့ဘူး"

"မဟုတ်တာ မောင့်ကို ပက်ပက်စက်စက် ကြိုက်သ ပြောပါ 'ခ' ရယ်၊ ဒါပေမဲ့ ..."

လူတစ်ယောက် ဧည့်ခန်းထဲ ဝင်လာတာမို့ ... သူစကား ရပ်သွားရသည်။





"လေယာဉ်လက်မှတ် သန်ဘက်ခါ ရမယ် တဲ့ . . ."

ထိပ်ထားခခက ခေါင်းညိတ်ပြ၏။

ဟိုလူ ပြန်ထွက်သွားတော့ သူ တုန်လှုပ်စွာမေးမိ၏။

"ခခ ဘယ်သွားမလို့လဲ"

"ရှင့်ကိစ္စမဟုတ်ပါဘူး ... ကျွန်မ ဘယ်သွားမယ်၊ ဘာလုပ် ယ်၊ ဘယ်လိုနေတယ်ဆိုတာ ရှင်နဲ့ မပတ်သက်ပါဘူး။ ရှင် ဘာလုပ်နေလဲ၊ ဘယ်မှာရှိနေလဲ ဆိုတဲ့ ရှင့်အနာဂတ်ကို ကျွန်မ က်မဝင်စားပါဘူး ... ဖြစ်နိုင်ရင် ကျွန်မဘဝထဲက ရှင်နဲ့ က်သက်တဲ့ အစိတ်အပိုင်းတွေကို ဖွဲ့ထုတ်ပစ်ချင်ပါတယ် . . . းလို့ပါ . . . လက်မခံချင်လို့ပါ။

ခခက နာကြည်းစွာ သူ့ကိုကြည့်၏။

"ရှင့်အစ်ကိုနဲ့ ရှင့်ညီမက သေသွားတာပါ၊ ခံစားနေခဲ့ရတာ တ်ဘူး။ ရှင်က ကျွန်မရဲ့ အပျိုစင်ဘဝ၊ ပြီးတော့ ကျွန်မရဲ့ ာ် သိက္ခာ၊ ပြီးတော့ ကျွန်မမိဘနှစ်ပါး၊ အသိုင်းအဝိုင်း းလုံးကို စော်ကားရက်ခဲ့တဲ့သူပါ"

"ပြောပါ ... ကြိုက်သလောက်ပြောပါ"

"ခွင့်လွှတ်ဖို့ မျက်နှာချင်းဆိုင်ဖို့ဆိုတာ ဒီဘဝမှာတော့ နိုင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားခခက သေချာပိုင်နိုင်စွာဆို၏။

"လူတွေမှာ မွေးဖွား သေဆုံးခြင်းရှိသလို အချစ်မှာ မွေးဖွား သေဆုံးခြင်းရှိပါတယ်။ ကျွန်မရှင့်ကို သိပ်ချစ်ခဲ့ ရှုံးရှုံးမူးမူးပါပဲ"

ခခစကားများက . . . သူ့ရင်ကို ချွန်မြသောဓားသွား စိုက်ဝင်သွား၏။

"အရမ်းယုံကြည်ခဲ့တယ်၊ အရမ်းမြတ်နိုးခဲ့တယ်၊ အ အားကိုးခဲ့တယ် . . . အဲဒီအချစ်တွေ မရှိတော့ဘူး၊ သေ သွားခဲ့ပြီ၊ ပြန်ရှင်လာမှာလဲ မဟုတ်တော့ဘူး"

"ခခရယ် . . . မောင် ဖြေလို့မရအောင် မပြောပါနဲ့ မောင် နားထောင်နိုင်စွမ်းမရှိဘူး"

"ဪ . . . ရှင့်ဆွဲကြိုး ပြန်ပေးရမယ်"

"ဘာဆွဲကြိုးလဲ"

"ရှင်မြင်ရင် သိမှာပါ . . . မှတ်မိမှာပါ၊ ကျွန်မလဲ ဆွဲကြိုးကို မှတ်မိနေပါတယ်"

'T' ပုံစံ လောကက်ပါဆွဲကြိုးကို ခခက သွားယူ သူက ငြိမ်သက်စွာရှိနေပါသည်။





"ကျွန်မအစ်မ လုပ်ခဲ့တာတွေကို ဘာမှ အရေးယူလို့ မရ သလို မင်္ဂလာပွဲကနေ ရှောင်ပုန်းသွားတဲ့ ရှင့်ကိုလဲ အရေးယူလို့ မရပါဘူး။ ဒါပေမဲ့ ရှင် ကျွန်မအစ်မအပေါ် ကြေအေးပေးလိုက် ပါတော့ . . . အားလုံး ဒီနေရာမှာပဲ အဆုံးသတ်ရအောင် . . . ကျွန်မ အဲဒါပဲ တောင်းဆိုချင်တယ်"

"ခခ ... မောင် ... ခ,ကို အဆုံးရှုံးမခံနိုင်ဘူး"

ထိပ်ထားခခက သူ့စကားကို ဂရုပင်မစိုက်ပါ။ မတ်တတ် ရပ်ပြီး သူ့ကိုနှုတ်ဆက်၏။

"ဂွတ်ဒ်ဘိုင် . . . ဒီဘဝအတွက် အပြီးနှုတ်ဆက်ပါတယ်၊ အားလုံးမေ့လိုက်ကြရအောင်"

ထိပ်ထားခခက သူ့ကို မချိပြုံး ပြုံးပြ၏။

"မောင် ခခကျေနပ်အောင် ကျေနပ်တဲ့အထိ တောင်းပန် ပါရစေကွာ"

"မလိုတော့ပါဘူး"

ထိပ်ထားခခက သူ့ရှေ့ စားပွဲပေါ်မှာ ဆွဲကြိုးကလေးကို တင်ပေးပြီး တစ်လှမ်းချင်း ထွက်သွား၏။

သူ ခေါင်းငိုက်စိုက်နှင့် ကျန်ရစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားခဲ့တာထက် အဆပေါင်းများစွာ စိတ်နာသွား
တယ်။

သူ ထင်ထားခဲ့တာထက် . . . . အဆပေါင်းများစွာ ခခ
သူ့အပေါ် ချစ်မြတ်နိုးခဲ့လို့များလား . . . သူ တောင်းပန်တာ
ခခ လက်မခံ။ သူ့အပေါ် မျက်ရှုနာကျင်နေပါသည်။

တစ်နေ့နေ့တော့ ခခ ခွင့်လွှတ်မှာပါ . . . သူ အဲဒီ
တွေးသည်။

အဲဒီလို တွေးလိုက်မှပဲ သူ ဖြေသာမှာ . . .

မဟုတ်ရင် သူ အရမ်းခံစားရလွန်းလို့ နာလန်မထူနိုင်
အောင် ဖြစ်သွားလိမ့်မည်။

* ✹ *



ဆယ်ကြိမ်မက ဖုန်းဆက်ခဲ့ပေမယ့် . . . သုံးလေးကြိမ်မက
သွားတွေ့ခဲ့ပေမယ့် ခခက သူ့ကို လုံးဝ ပြတ်သားစွာ ငြင်းဆန်
ခဲ့ပါသည်။ တဖြည်းဖြည်းသိလာတာက ထိပ်ထားခခ၏ အေးခဲ
မာကျောလွန်းသော သဘောထား။

သူ မျှော်လင့်နေမိတာ မှားပြီလား . . .

ခခ ခွင့်လွှတ်မှာ မဟုတ်တော့ပါ . . .

သူနှင့် ခခ တကယ်ကွဲသွားခဲ့ပါပြီ။

* ✹ *



www.burmeseclassic.com

www.burmeseclassic.com

သူ့နှလုံးသားထဲက အချစ်တစ်ခုဟာ အဲဒီလို ပေါ်ပေါက်လာပြီး အဲဒီလိုကြေကွဲနာကျင်စွာ၊ ယူကျုံးမရဖြစ်စွာ အဆုံးသတ်သွားရလိမ့်မည်ဟု သူ မထင်ခဲ့ပါ။

သူက ချိုမြိန်လှပသော အချစ်တစ်ခုကို ပိုင်ဆိုင်တည်ဆောက်ချင်ခဲ့တာပါ။

ဘာလို့ မောင်တို့ . . . အဲဒီလောက် အဖြစ်ဆိုးရတာလဲ ခခရယ်။

မောင် ဘာတွေ မှားသွားလို့လဲ ခခရယ်။

မောင့်ကိုမေ့ပစ်ပြီး မင်းပျော်ပျော်နေပါ။

ဒါမှ မောင့်အပြစ်တွေအတွက် ပေးဆပ်ရကျိုးနပ်မှာ . . .

✳✹✳

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

ထွင်ရုံက လမ်းလျှောက်လာရင်းမှ . . . ခုံတန်းတစ်ခု လွတ်နေတာတွေ့တော့ ခဏဝင်ထိုင်မိ၏။

ဟူး . . .

ရင်ထဲမှာ . . . အခုတလော မကြာမကြာ ထိပ်ထားခကို သတိရမိ၏။ သူလည်း အလုပ်ကိစ္စနှင့် နိုင်ငံခြားကို နှစ်ရှည်သများ သွားနေခဲ့တာ . . .

ခွင့်မလွှတ်နိုင်သော ခခတစ်ယောက် ဘယ်ရောက်ပြီး ဘာတွေလုပ်နေမလဲ . . .

စိတ်မဝင်စားပါနဲ့တော့လို့ တားမြစ်ခဲ့လို့များ ပိုပြီး စိတ်ဝင်စားနေမိသလား။

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်ကတော့ . . . တခြားတစ်ယောက်ကို အစားမထိုးနိုင်ပါဘူးကွာ။

အသက်တွေသာ တဖြည်းဖြည်းကြီးသွားပြီး . . . ဆံပင်ဖြူတွေသာ ထိုးထိုးထောင်ထောင်ပြူထွက်လာတာ . . . သူ့ဘဝကသည်အတိုင်း ဘာမှ ပြောင်းလဲမသွား။

တစ်ခါနေ့နေ့ ခွင့်လွှတ်နိုင်ခဲ့ရင် ဆိုတဲ့ အစွဲကြီးစွာ သူ စောင့်နေမိသည်။

သူ့ဘေးမှာ ချာတိတ်ကလေးနှစ်ယောက် စွန်လွှတ်နေကြပါသည်။

အမှတ်တမဲ့ ကြည့်မိရာမှ အမှတ်မထင် သတိပြုမိသွားတာက ကောင်လေးနှစ်ယောက်က ခွဲမရအောင် ရုပ်ချင်းဆင်တူသော အမွှာညီအစ်ကိုပါလား။

ဥပမိရုပ် သန့်ပြန့်သားနားပြီး . . . ဝတ်ထားပုံကလည်း စမတ်ကျကျ . . .

ချာတိတ်တစ်ယောက်က စွန်လွှတ်နေရင်း သူ့ကို တစ်ချက်လှည့်ကြည့်သည်။

သူကြည့်တာ . . . သိလို့များလား။

သူက အကြည့်ချင်းဆုံတော့ ပြုံးပြမိ၏။

"ဟ . . . ပြတ်သွားပြီ"





"မင်းက ညံ့တာကိုး၊ အရင်စ,ဖြတ်ပစ်၊ ရှောင်မနေနဲ့ . . ."

"ညီက စွန်လွှတ်ချင်တာ . . . တိုက်ခိုက်ချင်တာမဟုတ်ဘူးကိုကို . . ."

"ဘာပဲဖြစ်ဖြစ် . . . အခု မင်းစွန်အဖြတ်ခံရပြီလေ . . ."

"ကိုကိုရာ ညီ့စွန်ကိုပဲ လာဖြတ်နေကြတယ်"

"ညီညီရာ' စိတ်ဓာတ်မကျနဲ့၊ ပြန်တင်ပေါ့ . . . စွန်တွေအများကြီး ရှိတာပဲ"

ထွဋ်က ချာတိတ်ကလေး စွန်ပြန်တင်ဖို့ ဝိုင်းကူညီမိသည်။

"ကျေးဇူးပဲ ဦးလေး"

ဩော် သူ့အရွယ်က ဦးလေးအရွယ်ရောက်နေပါရောလား။

"ညီညီ"

"ဗျာ"

"ဒီတစ်ခါက် အဖြတ်မခံရစေနဲ့"

"စိတ်ချ . . . အနားလာကပ်တာနဲ့ ညီ အရင်ခုတ်ပစ်လိုက်မယ်"

"အေး . . . အဲဒီလိုမှပေါ့"

ထွဋ်က ညီအစ်ကိုနှစ်ယောက်ကို အပြုံးတစ်ခုနှင့် ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုကြည့်ရတာ လတ်ဆတ်နိုးကြွားလိုက်တာ၊ ငယ်ဘဝ ကိုပင်ပြန်တွေးမိလာတတ်ပုံပင်၊ နူပျိုခြင်းက လူကိုနုးညွှံ့စေသည်။

"ချာတိတ် … မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကျွန်တော်လား"

"အေးပေါ့"

ညီညီက သူ့ကိုယ်သူ ညွှန်ပြကာ မေး၏။

"ကျွန်တော်က ထွဋ်ထိပ်ညီ"

"ဟုတ်လား . . . ဟိုတစ်ယောက်က"

"ကိုကိုက . . . ထွဋ်ထိပ်ကို"

"ဩော် . . ."

"ဦးလေးကရော . . ."

"ဦးလေးက ဦးထွဋ်"

"ဟုတ်လို့လား"

"ဟုတ်တာပေါ့"

ထွဋ်ထိပ်ညီက သဘောကျပြီး ရယ်သည်။

"ဒီနားမှာ ထွဋ်သုံးယောက်ပေါ့"

ထွဋ်ထိပ်ကိုက ရယ်လည်းမရယ်၊ ပြုံးလည်းမပြုံး၊ သူ၏ စကားထဲလည်း ဝင်မပါ။

ကြည့်ရတာ မာနကြီးပြီး . . . စကားနည်းပုံ။





"ကိုကို . . . မေမေ လာနေပြီ"

ညီညီက ပြောလိုက်တော့ … ကိုကိုက ချက်ချင်း စွန်တွေ သိမ်းသည်။ စွန်လွှတ်ခြင်းကို လက်စသတ်သည်။ ညီအစ်ကို နှစ်ယောက်စလုံး လိမ္မာကြသည်ပဲ။ မိဘကို ရိုသေသည်။

ထွဋ်က ခပ်ငေးငေးကြည့်ရင်း နှုတ်ခမ်းတွေ ကျေနပ်စွာ ပြုံးနေ၏။

"သွားတို့ . . . ပြန်ကြစို့"

"ဟုတ်"

ထွဋ်က အလွန်ရင်းနှီးသော အသံကြောင့် ရင်ခုန်သံတွေ ဆူဝေသွားပြီး ထိတ်လန့်စွာ မော့ကြည့်မိ၏။

ဟင် . . .

သူ့ရင်ဘတ်ထဲမှာ ဝုန်းခနဲ မြည်ဟည်းသွား၏။

ထိပ်ထား ခခပါလား။

အမြွှာကောင်လေး နှစ်ယောက်၏အမေက . . . ဘာလို့ ထိပ်ထားခခ ဖြစ်နေရတာလဲ။

"ခခ"

တိုးတိတ်စွာ ခေါ်မိ၏။

ထိပ်ထားခခက ကြားလည်းမကြား၊ ကြည့်လည်းမကြည့်ပါ။ အနားမှာထိုင်နေသော သူစိမ်းလူတစ်ယောက်ကို အာရုံမထား။



www.burmeseclassic.com

www.burmeseclassic.com



သားအမိသုံးယောက် ခြေလှမ်းစတော့ . . . သူ ကြေ
တုန်လှုပ်စွာ ထ,ရပ်မိသည်။

ထွဋ်ထိပ်ကို . . . ထွဋ်ထိပ်ညီ . . . တဲ့။

ဒါ ဘယ်သူ့ကလေးတွေလဲ . . .

ခေါင်းထဲမှာ မိုက်ခနဲဖြစ်ပြီး၊ ရင်တစ်ခုလုံး တုန်ခါသွား

သူ့အပြစ်ကို သူ့အကြီးအကျယ် ပြန်ပေးဆပ်ရပြီလာ

သည်ချာတိတ်နှစ်ယောက် သူ့သားတွေများ ဖြစ်မ
ဟုတ်နေမလား။

ဟုတ်နေလည်း ခခက ဝန်ခံမှာမဟုတ်။ အသိအမှတ်ပြု
ပေးမှာ မဟုတ်။

"ထိပ်ထားခခ"

သူ နောက်ကနေ ချက်ချင်းပြေးလိုက်သွားမိ၏။

သူတို့က ကားပေါ်ပင် တက်နေကြပြီ။

"ထိပ်ထားခခ"

သူ ထပ်ခေါ်မိ၏။

"ခခ . . . မောင်ပါ"

ကားဘေးနား ငုံ့ကိုင်းကာ သူ့အလောတကြီး ပြော

"ဟင့် အင်း . . . ရှင် ဘယ်သူလဲ"

"ထွဋ်ပါ . . . ခခ မမှတ်မိဘူးလား"



BURMESE CLASSIC



"ရှင် လူမှားနေပြီထင်တယ်"

ခခက ကားစက်နှိုးသည်။

စိတ်မရှိပါနဲ့၊ ကျွန်မ ရှင့်ကိုမသိဘူး . . . ဆောရီး ဆောရီး။

ကားဘီး,စ,လိမ့်ရင်း ခခက တောင်းပန်စကားဆိုလိုက်၏။

ထွဋ်က အရုပ်ကြိုးပြတ် ရပ်ကျန်ခဲ့၏။

ခခက တစ်သက်စာ နှုတ်ဆက်ပြီးသား ဂွတ်ဒ်ဘိုင်တဲ့ . . .

ပြန်ဆုံရင် မခေါ်ကြေးလို့ ဟစ်ကြွေးခဲ့သူပါ . . .

"မေမေ"

"ဟင်"

ညီညီက သူ့အမေကို နားမလည်စွာမေး၏။

"တကယ်မသိတာလား . . . သူက မေမေ့ကိုသိတယ်။
ထိပ်ထားခခတဲ့"

"အလကားပါသားရယ် မေမေက မပတ်သက်ချင်တဲ့
အသိပါ"

"ဟုတ်လား"

ထွဋ်ထိပ်ညီက အဖေးဘူးကို ဖွင့်ဖောက် သောက်ကာ
နားကြပ်ကို နားထဲထည့်သည်။ သီချင်းနားထောင်ဖို့ပါ။

ထွဋ်ထိပ်ကိုက ဇက်ကိုလည်အောင် နောက်လှည့်ငေးကာ
ဆယ်ဝေးဝေးမှာ ကျန်ရစ်ခဲ့သော ထွဋ်ဆိုသည့်လူကြီးကို ငေးကြည့်
နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း မြင်ကွင်းထဲကပျောက်သွားသည်အထိပါပဲ။

"သားကြီး အအေးသောက်လေ ... ပန်းသီးစားချင်စား"

မေမေက သတိပေးပါသည်။

"ဒီနေ့ညနေ ဒင်နာကို သားတို့လိုက်ခဲ့ရမယ်တဲ့ သားတို့ ဒယ်ဒီက ..."

မေမေက စကားလမ်းကြောင်း လွှဲလိုက်ပါသည်။

"မေမေရော မလိုက်ဘူးလား"

"မလိုက်တော့ဘူး"

ထွင့်ထိပ်ညီက ... မေမေ့စကားထဲ မျောပါသွားပေမယ့် ထွင့်ထိပ်ကိုက ငြိမ်သက်စွာ စဉ်းစားနေ၏။

ခုနတုန်းက သဲကြီးမဲကြီးစွန်လွှတ်နေမယ့်အစား သူတို့ဆီ ကို ရောက်လာသော ဦးလေးကြီးအား မျက်တောင်မခတ် ထိုင် ကြည့်နေရမှာ ... တဝကြီး အားပါးတရကြီး။

ထပ်တစ်ကြိမ် တွေ့ခွင့်ဆိုတာ ရနိုင်ပါ့မလား ... ရှိနိုင် မလား ...။

**ပန်းသီနိုင်**

✻ ✹ ✻



www.burmeseclassic.com